# ပထမအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# အစည်းအဝေးမှတ်တမ်း

# (၁/၂၀၁၅)

# မှတ်တမ်း

D/sixth marticar(1)

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (က) | **အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၄ |
| (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ | ၄ |
| (၅) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ | ၁၁ |
| (၆) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ | ၂၀ |




D/sixth marticar(2)




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (၁၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၆၄ |
| (ခ) | **အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) ဒုတိယနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၆၅ |
| (၂) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၆၆ |
| (၃) | ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ | ၆၇ |
| (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ | ၆၇ |
| (၅) | ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေ (မူကြမ်း)အား လွှတ်တော်သို့တင်သွင်းခြင်း။ | ၇၀ |
| (၆) | ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့တင်သွင်းခြင်း။ | ၇၂ |

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့တင်သွင်း ခြင်း။ ၇၃

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၇၇

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ၇၈ ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်က ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၈၀





(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၂၂

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း။ ၃၉

(၉) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့တွင် တင်သွင်းသော ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း။ ၄၀

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဆိုင်ရာဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၄၄

(ဂ) **အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) တတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၁

(၂) ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးခြင်း။ ၈၂

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၂

(၄) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ်ကြေညာခြင်း။ ၈၃

(၅) ပြည်နယ်ဝန်ကြီးချုပ်က ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) တတိယနေ့ ကျင်းပရခြင်းနှင့် ပတ်သက်၍ လွှတ်တော် သို့ရှင်းလင်းခြင်း။ ၈၄

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အဖြစ် ခန့်အပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းလာသော တပ်မတော်သား ကိုယ်စားလှယ်အား ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှ ပြည်နယ်လွှတ်တော်သို့အဆိုပြုတင်သွင်းခြင်း။ ၈၆

၄၂၀

(၇) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ 87

(၈) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အဖြစ် ခန့်အပ်ခြင်းခံရသူမှ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ 88

(၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)ကျင်းပပြီးမြောက်ကြောင်း ကြေညာခြင်း။ 88

- ဆုံးဖြတ်ခြင်း 90
- မှတ်တမ်းတင်ခြင်း 93
- ဥပဒေထုတ်ပြန်ခြင်း 85

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အရေးပေါ်အစည်းအဝေး(၁/၂၀၁၅)ပထမနေ့မှတ်တမ်း
## ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
## ၂၀၁၅ ခုနှစ်၊ ဩဂုတ် လ ၁၈ရက်
## [ **အင်္ဂါနေ့** ]

တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) ပထမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီ အချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၅)ပထမနေ့ အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာ





## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## အရေးပေါ်အစည်းအဝေး(၁/၂၀၁၅)တွင်
## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ က ပြောကြားသည့်
## နှုတ်ခွန်းဆက်စကား

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး (၁/၂၀၁၅)သို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာကိုယ်စိတ် မြဲကြပါစေရယ်လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပထမဦးစွာ ဒီအရေးပေါ်အစည်းအဝေး ခေါ်ယူရတဲ့ အကြောင်းအရင်းကို အနည်းငယ်ရှင်းလင်း ပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၈ နှင့် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီးနှင့် သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၃ မှာ ဖော်ပြထားတဲ့အတိုင်း လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားရင် လွှတ်တော်ဥက္ကဋ္ဌသည် အထူးအစည်းအဝေးကိုသော်လည်းကောင်း၊ အရေးပေါ်အစည်းအဝေးကိုသော်လည်းကောင်း အမြန်ဆုံး ခေါ်ယူကျင်းပ ပေးရပါမယ်ဆိုတဲ့ ပုဒ်မနှင့်အညီ ယခုလို အရေးပေါ်အစည်းအဝေး(၁/၂၀၁၅)ကို ခေါ်ယူကျင်းပရတာ ဖြစ်ပါတယ်။ ဒီအရေးပေါ်အစည်းအဝေးမှာ ဆောင်ရွက်ဖို့ အဓိကအချက် ၂ ခု ရှိပါတယ်။ ပထမအချက်အနေနဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ တောင်းခံခြင်းကို ဒီလွှတ်တော် အစည်းအဝေးမှာ တင်ပြပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို

ရယူသွားဖို့ရှိပါတယ်။ ဒုတိယအချက် ကတော့ ဒီနှစ်ဧပြီလမှာ ကျင်းပခဲ့တဲ့ ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်း ဆေးဝါးထုတ်လုပ်သုံးစွဲသူများဆိုင်ရာဥပဒေကြမ်းကို ဒီလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူအတည်ပြု သွားဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီအထူးအစည်းအဝေးမှာပဲ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ နောက်ထပ် ဥပဒေကြမ်း များကိုလည်း ထပ်မံပြီး တင်သွင်းမယ်လို့ သိရှိရပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ကျွန်တော်တို့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းဟာ ၄ နှစ်ကျော်လာခဲ့ပြီး ဒီနှစ်ကုန်ဆုံးတဲ့အခါမှာ ၅ နှစ်ပြည့်တော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များ အနေနဲ့ လွှတ်တော်အစည်းအဝေး ကာလလုပ်ငန်းများနဲ့ လွှတ်တော်ပြင်ပလုပ်ငန်းများကို မိမိတို့တတ်စွမ်းသမျှ အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ မဲဆန္ဒရှင် ပြည်သူလူထုများရဲ့ ရွေးချယ် တာဝန်ပေးအပ်ချက်ဖြင့် ပထမအကြိမ် ပြည်သူ့ကိုယ်စားလှယ်များ အဖြစ် တာဝန်ယူရတဲ့ ကျွန်တော် တို့ဟာ လွှတ်တော်ရဲ့ Foundal ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေ သမိုင်းပေးတာဝန်အရ ရှမ်းပြည်နယ် လွှတ်တော်ကို အုတ်မြစ် စတင်စိုက်ထူသူများလည်း ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၅ ခုနှစ်၊ ဧပြီလအထိ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး ၁၂ ကြိမ်၊ အထူးအစည်းအဝေး ၃ ကြိမ်၊ အရေးပေါ်အစည်းအဝေး ၁ ကြိမ်၊ စုစုပေါင်း ၁၆ ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ လွှတ်တော် အစည်းအဝေး များမှာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၆၂ ဦးတို့က





များတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၅) ပထမနေ့မှာ လွှတ်တော် ကိုယ်စားလှယ် များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၁၃၉ ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို ၁၂၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့် ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ ၈၆. ၃၃ ရာခိုင်နှုန်းရှိပြီး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄ ၊ အပိုဒ်(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၅ ၊အပိုဒ်(ဂ)အရ အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ၄၂၆ ခု မေးမြန်းခြင်းနဲ့ သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လွှတ်တော်သက်တမ်း ၄ နှစ်ကျော် ကာလအတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၁၉၅ ခု မေးမြန်းခြင်းနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ကျင်းပပြီးစီးခဲ့တဲ့ လွှတ်တော်အစည်းအဝေး စုစုပေါင်း ၁၆ ကြိမ်မှာ လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦးတို့က အဆိုပေါင်း ၃၆ ခုကို လွှတ်တော်ကို တင်သွင်းရာမှာ အဆို ၁၉ ခုအား အတည်ပြုခြင်း၊ အဆို ၂ ခုအား မေးခွန်းအဖြစ်ပြောင်းခြင်း၊ အဆို ၁၀ ခုအား မှတ်တမ်းတင်ခြင်းနဲ့ အဆို ၅ ခုအား ပြန်လည်ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း အသိပေးပြောကြားလိုပါတယ်။ ဥပဒေကြမ်းများ တင်သွင်းခြင်း ကဏ္ဍနှင့် စပ်လျဉ်းပြီး ဒီနှစ် ဧပြီလမှာ ကျင်းပခဲ့တဲ့ နောက်ဆုံး အစည်းအဝေးအထိ ဘဏ္ဍာရန်ပုံငွေနှင့် ပတ်သက်သော ဥပဒေကြမ်း ၈ ခု၊ ဒေသန္တရစီမံကိန်း ဥပဒေကြမ်း ၅ ခု၊ ရသုံးနှင့် ပတ်သက်သော ငွေစာရင်း ၆ ခု၊ ဇယား ၂ ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါကဏ္ဍများမှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ သီးခြားရေးဆွဲ တင်ပြသော ဥပဒေကြမ်း ၉ ခုတို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ဒီအရေးပေါ် အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က သီးခြားရေးဆွဲတဲ့ ဥပဒေကြမ်းများကိုလည်းပဲ ထပ်မံတင်သွင်း သွားမှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာပဲ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင် ပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ နည်းဥပဒေစာအုပ်ကို လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေ ပေးမှာ ဖြစ်ပါတယ်။ နည်းဥပဒေများကို လွှတ်တော် ကိုယ်စားလှယ် များထံ ဖြန့်ဝေပြီးတဲ့နောက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈ အရ ရက်ပေါင်း



D/real(wide) (3



## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ အပိုဒ်(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်း အဝေး(၁/၂၀၁၅) ပထမနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄၊ အပိုဒ်(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်က သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း၊ ဥက္ကဋ္ဌ၊လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ**။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅)ကို တက်ရောက် လာကြတဲ့

၉၀ အတွင်း လွှတ်တော် ကိုယ်စားလှယ် များက နည်းဥပဒေ သို့မဟုတ် စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်မရှိပါက ဒီနည်းဥပဒေများဟာ အတည်ဖြစ်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲကို လာမယ့် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပ မယ်လို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာထားပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းများအဖြစ် ကျွန်တော်တို့အထဲက အမည်တင်သွင်းတဲ့ ပုဂ္ဂိုလ်များ ရှိသလို တစ်ခြားသော လွှတ်တော်အဆင့်အတွက် အမည်စာရင်းတင်သွင်းခြင်း၊ ဒါမှမဟုတ် ထပ်မံ တင်သွင်းခြင်း မပြုသော ကိုယ်စားလှယ်များလည်း ရှိမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းကာလမှာ ကျွန်တော်တို့တစ်တွေ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက်များကို မိမိတို့ တတ်စွမ်းသမျှ ဖော်ဆောင်ရွက် နိုင်ဖို့ လွှတ်တော်အစည်းအဝေးများမှာ အချင်းချင်း လေးလေးစားစား ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးညှိနှိုင်းတိုင်ပင်ခဲ့ကြပြီးဖြစ်သလို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ရလဒ်ကောင်းများ ထွက်ပေါ် လာအောင် ဆောင်ရွက်နိုင်ခဲ့တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ အတူတကွ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်တာကို ကျေနပ်အားရမိ ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။





ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါ စေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းညွန့်ဝင်း ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၅) ပထမနေ့သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ၁၉ ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိတဲ့အတွက် ကင်းလွတ်ခွင့် ပြုပေး နိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးစိုင်းနော်ခမ်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့် ၂ ရက်

(၂) ဦးနိုင်ဝင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့် ၂ ရက်

(၃) ဦးပီတာသောင်းစိန်၊ အာခါတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့် ၁ ရက်

(၄) ဦးစိုင်းလုံ၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ခွင့် ၂ ရက်

(၅) ဒေါ်နန်းမြမြလွင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ခွင့် ၂ရက်

(၆) ဦးခွန်လှသိန်း၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ခွင့် ၁ ရက်



D/real(wide) (4

(၇) ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ခွင့်၂ရက်

(၈) ဦးဝေရှောက်ရင်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ခွင့်၂ရက်

(၉) ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ခွင့်၂ရက်

(၁၀) ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ခွင့်၂ရက်

(၁၁) ဦးပယ်စောက်ချိန်(ခ)ဦးဘေဆော်ချိန်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စ၊ခွင့် ၂ ရက်

(၁၂) ဦးမြင်ရှောက်ချန်း(ခ)ဦးမြီရှော်ချန်း၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စ၊ ခွင့် ၂ ရက်

(၁၃) ဗိုလ်မှူးဇော်လွင်ဦး၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့် ၂ ရက်

(၁၄) ဗိုလ်မှူးလှထွန်းအောင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့် ၂ ရက်

(၁၅) ဗိုလ်မှူးသန်းလွင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့် ၂ ရက်

(၁၆) ဗိုလ်မှူးမျိုးထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့် ၂ ရက်



D/real(wide) (5



လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ပထမနေ့ တက်ရောက်မှု အခြေအနေကို အတည်ပြုပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က အတည်ပြုပါသည်။)**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့ အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။** အားလုံးမင်္ဂလာပါခင်ဗျား၊ ကျွန်တော်တို့ ဒီနေ့ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ နံနက် ၁၀ နာရီအချိန်မှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ အရေးပေါ်အစည်း အဝေး (၁/၂၀၁၅)မှာ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခွင့်ပြုဖို့ ဦးစွာပန်ကြား လိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးကို

တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာပို့သရင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ အရေးပေါ်အစည်းအဝေးမှာ ပထမအချက်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်ပြီး တင်ပြလိုပါတယ်။ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ၂၀၁၅ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လအတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ခရိုင်များကို သွားရောက်ပြီး ကော်မတီအသီးသီးနဲ့ တွေ့ဆုံပွဲများ၊ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြုလုပ်ခဲ့ပါတယ်။ ဒီလိုတွေ့ဆုံတဲ့ နေရာမှာ ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ မြေယာဆိုင်ရာကိစ္စရပ်များ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများမှ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ တင်ပြခဲ့ကြပြီး ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီများက မြို့နယ်အသီးသီး၊ ဒေသအသီးသီးရဲ့ လိုအပ်ချက်များကို တင်ပြခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဒေသအတွက် ဆောင်ရွက်ပေးရမယ့် လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ကြပါတယ်။ အဓိက တင်ပြချက်များကတော့ ကျေးလက် ဒေသမီးလင်းရေး၊ လမ်း၊ တံတား၊ ရေရရှိရေးကိစ္စရပ်များဖြစ်ပြီးတော့ ၂၀၁၅-၁၆ ရသုံးမှန်းခြေငွေစာရင်းမှာ ပါဝင်တဲ့ လုပ်ငန်းများကို ချက်ချင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၅-၁၆ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး တင်ဒါပိုလျှံငွေနှင့် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေး



D/real(wide) (6



(၁၇) ဗိုလ်မှူးမျိုးမင်းသူ၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့် ၂ ရက်

(၁၈) ဗိုလ်မှူးရဲလွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့် ၂ ရက်

(၁၉) ဗိုလ်ကြီးတေဇာအောင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ခွင့် ၂ ရက်

ဒီကနေ့ ခွင့်လျှောက်ထားသူ စုစုပေါင်း ၁၉ ဦးရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၅) ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ ၁၃၉ ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁၉ ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊အပိုဒ်(ဂ)၊ အပိုဒ်ခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါ့မယ်။ ပြည်နယ်

လုပ်ငန်းရဲ့ တင်ဒါပိုလျှံငွေများနှင့်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒေသအသီးသီးမှ တင်ပြခဲ့ကြတဲ့ အချက်များပေါ် မှာမူတည်ပြီး ၂၀၁၅- ၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ရန်ပုံငွေ တင်ပြတောင်းခံရာမှာ သတ်မှတ်ထားတဲ့ အချက်များနှင့် အညီ ၂၀၁၅-၁၆ ဖြည့်စွက်ရန်ပုံငွေများ ပြုစုရေးဆွဲ တင်ပြခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနဲ့ ခရိုင်အသီးသီးမှာ လူထုတွေ့ဆုံပွဲတွေ၊ ကော်မတီ ၃ ရပ်နဲ့ တွေ့ဆုံပွဲတွေမှာ မြို့နယ်၊ ခရိုင်အသီးသီးမှ တင်ပြချက်များ ဖြစ်သော စည်ပင်သာယာရေးကဏ္ဍရဲ့ သောက်သုံးရေရရှိရေး ကိစ္စရပ်များ၊ ကတ္တရာလမ်း အဆင့်တိုးမြှင့်ပေးရန် တင်ပြသည့်ကိစ္စရပ်များ၊ မြို့တွင်းတံတား တည်ဆောက်ပေးရန် ကိစ္စရပ်များနဲ့ မြို့နယ်ခန်းမ ပြုပြင်လိုတဲ့ကိစ္စရပ်များ တင်ပြခဲ့ကြ ပါတယ်။ လျှပ်စစ်မီးလင်းရေး ကဏ္ဍအနေနဲ့လည်း National Grid နဲ့ ၂ မိုင်အတွင်းမှာရှိတဲ့ ကျေးရွာများ၊ မီးလင်းလိုတဲ့ တင်ပြချက်များ ကိုလည်း မြို့ပြနဲ့ ကျေးလက် ခွဲခြားပြီး ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ရန်ပုံငွေမှာ ထည့်သွင်းရေးဆွဲစေရန် ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ စိစစ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်နယ်အစိုးရအဖွဲ့မှ ခရိုင်စီမံခန့်ခွဲမှု ကော်မတီ အဆင့်ဆင့်နှင့် တွေ့ဆုံပွဲများမှ ဆောင်ရွက်ပြီး ရရှိလာတဲ့ တင်ပြချက်များအပေါ် မှာ မူတည်ပြီး ကျွန်တော်တို့ ပြည်နယ်အစိုးရ အဖွဲ့ရဲ့ ပြည်နယ်အတွင်းရငွေ ကျပ်သန်းပေါင်း ၁၂၀၀၀ ခန့်မှ စီမံဆောင်ရွက်တဲ့ နေရာမှာ မြို့ပြစနစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း များနဲ့ မြို့နယ်အသီးသီးရဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မယ့် လုပ်ငန်းများကို ဦးစားပေးကဏ္ဍအလိုက် စီမံချက်များ ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။



D/real(wide) (7



တင်ပြ ဆောင်ရွက်လျက်ရှိပါတယ်။ ပျက်စီး ဆုံးရှုံးသွားတဲ့ သီပေါမြို့နယ်၊ နမ့်ပေါ့ချောင်းကူး တံတားကိုလည်း လမ်းဦးစီးဌာန ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ်သိန်း ၄၀၀ နဲ့ ပြင်ဆင် ဆောင်ရွက်ခဲ့ပြီး ကျန်တံတားများကိုလည်း ပြုပြင် ဆောင်ရွက်ပေးလျက်ရှိတဲ့နေရာမှာ ယခုအချိန်မှာ ၈၀ % ကျော် ပြင်ဆင်ပေးပြီး ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် နေအိမ်တွေပျက်စီးမှုများကို တစ်အိမ်လျှင် ရေဘေးသင့်မိသားစု တစ်စုကို ကျပ် ၃၀၀၀၀/- နှုန်းနဲ့ စာသင်ကျောင်း၊ ဘုန်းတော်ကြီး ကျောင်းတွေကို ထောက်ပံ့ငွေ ကျပ် ၁၀၀၀၀၀/-နှုန်း လယ်ယာမြေ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တစ်ဧကကို ကျပ် ၁၀၀၀၀/-နှုန်း နဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးလျက် ရှိပါတယ်။ ရေဘေးသင့်ဒေသများသို့ လူသားချင်းစာနာ ထောက်ထားမှုအရ ပြည်နယ်တွင်းမှာရှိတဲ့ ခရိုင်အလိုက် ငွေသားထောက်ပံ့ရေး ပစ္စည်းများနဲ့ လှူဒါန်းထောက်ပံ့ မှုများ ပြုလုပ်ပေးလျက်ရှိပြီး စေတနာရှင်များမှ လှူဒါန်းထောက်ပံ့မှုနှင့်ပတ်သက်ပြီး ငွေသား ၇၄၁ သိန်းနဲ့ အဝတ်အစားများ၊ အစားအစာရိက္ခာနဲ့ ဆေးဝါး၊ အိမ်သုံးပစ္စည်းများ ပေးပို့လှူဒါန်းပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ရုံးသို့လည်း လာရောက်လှူဒါန်းမှုများ ရှိတဲ့အတွက် လက်ခံရရှိငွေ ကျပ် ၂၀၃ သိန်းခန့် လက်ခံရရှိထားပြီး ဖြစ်ပါတယ်။ အဆိုပါ လှူဒါန်းငွေများကိုလည်း ရေဘေးသင့်ဒေသ များကို ဆက်လက် လှူဒါန်းနိုင်ရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုလက်ရှိ ရှမ်းပြည်နယ် ပါလူးကျိုင်းလပ်ဒေသမှာ ဒေသခံ ပြည်သူများ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ ရှိတဲ့အတွက် ပြည်နယ်အစိုးရမှ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ မျိုးစပါးများရရှိရေး၊ အခက်အခဲဖြစ်ပေါ် နေသော ကာလအတွင်းမှာ စားသုံးနိုင်ရေးအတွက် ဆန်များ

ထောက်ပံ့လှူဒါန်းရေးကိစ္စရပ်များ ဆောင်ရွက်ရန် စီမံထားပြီး ဖြစ်ပါတယ်။ မိမိတို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှလည်း လတ်တလော ကျပ်သိန်း ၃၀၀ တာချီလိတ်ခရိုင် ရေဘေးသင့်ဒေသများကို လှူဒါန်းထားပေးပြီး ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်အောက်မှ သဘာဝ ဘေးအန္တရာယ် ကျရောက်မှုအတွက် လှူဒါန်းထောက်ပံ့မှုများကိုလည်း ကျပ်သန်း ၅၀၀ ခန့် သုံးစွဲဆောင်ရွက် နိုင်ရန် ဆောင်ရွက် ထားပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ရေဘေးသင့်ပြည်သူ များရဲ့ ကယ်ဆယ်ရေးစခန်းများမှ နေ့စဉ်အလိုက် လိုအပ်ချက်များ ဆောင်ရွက်မှုများကို ပြည်နယ်မှ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့လည်း တင်ပြ ဆောင်ရွက်လမ်းညွှန်မှု ခံယူလျက် ရှိပါတယ်။ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုနဲ့ မုန်တိုင်း ဝင်ရောက်မှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့မှာ ရေကြီးရေလျှံမှု အများဆုံး ဖြစ်ပွားခဲ့ပြီး ရှမ်းပြည်နယ်အနေနဲ့ မုန်တိုင်းဒဏ် အနည်းငယ်သာ ဝင်ရောက်ခဲ့ပြီး ပျက်စီးဆုံးရှုံးသော မြို့နယ်များလည်း ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးနိုင်ကြောင်း တင်ပြလိုပါတယ်။

ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ရေတို လုပ်ဆောင်ရမယ့်လုပ်ငန်းများနဲ့ ရေရှည်ဆောင်ရွက်ရမယ့် လုပ်ငန်းများ အချိတ်အဆက်မိမိနဲ့ စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှလည်း မူဆယ်၊ လားရှိုးမြို့များကို ဖြတ်ပြီး မန္တလေးသို့ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်မှု ၃ ကြိမ် ပေးပို့လှူဒါန်းပြီး ဖြစ်ပါတယ်။ သဘာဝ ဘေးအန္တရာယ် ကျရောက်တဲ့ဒေသတွေရဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ် RE



D/real(wide) (8



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ နှင့် ဩဂုတ်လ အတွင်းမှာ ရှမ်းပြည်နယ်အတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ မိုးရွာသွန်းမှု အခြေအနေများကြောင့် သဘာဝ ဘေးအန္တရာယ် ကျရောက်ခဲ့တဲ့ အခြေအနေများကိုလည်း ကောက်နုတ်တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ သဘာဝဘေးအန္တရာယ် ထိခိုက်ခဲ့တဲ့ မြို့နယ်စုစုပေါင်း ၂၂ ခု ရှိပါတယ်။ ရေဘေးသင့် အိမ်ထောင်စု ၁၀၀၈ စု၊ လူဦးရေ ၅၂၂၄ ဦး၊ သေဆုံးခြင်း ၉ ဦးရှိပြီး သီပေါမြို့နယ်မှ ၅ ဦးနဲ့ တာချီလိတ်မြို့နယ်၊ ပါလူးကျိုက်လပ်ဒေသမှာ ၄ ဦး ဖြစ်ပါတယ်။ တာချီလိတ်ခရိုင်မှာ ရေဘေးသင့်တဲ့ အိမ်ထောင်စု များပြားပြီး အိမ်ထောင်စု ၂၈၀ စု၊ ရေဘေးသင့် လူဦးရေ ၁၆၃၈ ဦး ရှိပါတယ်။ ကယ်ဆယ်ရေးစခန်းတွေမှာ စနစ်တကျ ကယ်ဆယ် ဆောင်ရွက်ခဲ့ပြီး ၎င်းတို့အနက်မှ ယခုဆိုလျှင် ၅၁၉ ဦးဟာ မိမိတို့ရဲ့ နေအိမ်များမှာ ပြန်လည်အခြေချ နေထိုင်နေပြီ ဖြစ်ပါတယ်။ လူဦးရေ ၁၁၁၉ ဦးကို ကယ်ဆယ်ရေးစခန်းမှာ စောင့်ရှောက်ထားလျက် ရှိပါတယ်။ ပျက်စီးဆုံးရှုံးမှုများ အနေနဲ့ တာချီလိတ် ခရိုင်မှာ အများဆုံးဖြစ်ပြီး နေအိမ် ၁၈၆ လုံး၊ စာသင်ကျောင်း ၂ ကျောင်း၊ ရေဝင်ပျက်စီးတဲ့ လယ်ဧက ၂၅၂၀. ၀၈ ဧကနဲ့ ပြိုကျတဲ့ အဆောက်အဦ ၄ လုံး၊ ပျက်စီးတဲ့ဆည် ၂ ခု၊ ပျက်စီးတဲ့တံတားပေါင်း ၂၃ စင်းနဲ့ လမ်း ၆ လမ်း ပျက်စီးခဲ့ပါတယ်။ ဆုံးရှုံးမှုခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၁၄၈၂. ၄၄၉ သန်းခန့် ဖြစ်ပါတယ်။ ပြည်နယ် တစ်ခုလုံး ပျက်စီးဆုံးရှုံးမှု အနေနဲ့ဆိုရင် ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၂၅၄၄. ၉၃၉သန်းခန့် ရှိနိုင်ပြီး လယ်ဧကများ ဆုံးရှုံးပျက်စီးမှုများနှင့် ပတ်သက်၍လည်း တောင်သူလယ်သမား၊ အခွင့်အရေး နစ်နာမှု မရှိစေရေး အတွက်ကို အထောက်အပံ့များ ရရှိစေရန် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းများကို မှန်ကန်စွာရရှိရေး သက်ဆိုင်ရာ အဖွဲ့အစည်း အဆင့်ဆင့်သို့ စိစစ်ပြုစု

တွင်လည်း ထည့်သွင်းနိုင်ရေး စိစစ်လျာထားပါကြောင်း တင်ပြလို ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အဆင့်ဌာနအဖွဲ့အစည်း များရဲ့ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုနဲ့ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများနှင့် ပတ်သက်ပြီး ဆွေးနွေးအတည်ပြုပေးဖို့ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြီးသော စာရင်းများကို ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်သို့ ပြည်နယ်အစိုးရမှ သတ်မှတ်ရက်အတွင်း အချိန်မီ ပေးပို့သွားမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေ၊ ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် (၂)ကို ရှမ်းပြည်နယ်လွှတ်တော်မှ ၁-၄-၂၀၁၅ ရက်နေ့မှာ ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ယင်းဥပဒေနှင့်အညီ ပြည်နယ် အဆင့်အဖွဲ့အစည်းများက ဆောင်ရွက်ကြရာမှာ ၂၀၁၅-၁၆ ခု ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက် ဘောင်အတွင်းမှ အခွန်အကောက်ရငွေနဲ့ အခြားရငွေများ အပြည့်အဝရရှိစေရန်နှင့် အသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းအတိုင်းစိစစ်သုံးစွဲရန် ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက် ရှိကြောင်း တင်ပြလိုပါတယ်။

ယခုအခါ ၂၀၁၅-၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် မူလလျာထားသော ရငွေများနှင့် ခွင့်ပြုထားသော သုံးငွေများအပြင် နောက်ထပ်ရငွေများ လျာထားရန်နှင့် သုံးစွဲငွေများ တောင်းခံရန် ရှိလာတဲ့ ဌာနအဖွဲ့အစည်း များအလိုက် အမှန်ဆောင်ရွက်ပြီး ပထမလေးလအတွက် ရငွေ၊ သုံးငွေနဲ့ ကျန်ရှစ်လအတွက်



D/real(wide) (9



ကျပ်သန်းပေါင်း ၂၁၇၂၀.၅၄၅ သန်း တောင်းခံထားတာ ဖြစ်ပါတယ်။ ပြည်နယ် အစိုးရအဖွဲ့ တာဝန်ယူထားတဲ့ ဘဏ္ဍာရေးနှစ် ၅ နှစ်တာ ကာလအတွင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေဇယား ၂၊ ဇယား ၅ တို့နှင့်အညီ ပြည်နယ်အတွင်း မှာ ဖော်ဆောင်နေတဲ့ ဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိတဲ့အခွန်အခနဲ့ အခြားရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပိုမို ခွဲဝေထောက်ပံ့ ပေးနိုင်ခဲ့ပါတယ်။ ကာလလတ် ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework- MTFF)အရ ပြည်ထောင်စုမှ ထောက်ပံ့ခဲ့တဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ လိုငွေကိုလည်း ပြည်နယ် အတွင်း ပြည်သူလူထုတိုက်ရိုက် အကျိုးပြုတဲ့ လွှတ်ကွင်းရမယ့် လုပ်ငန်းတွေကို ပိုမိုလျာထားဆောင်ရွက်လျက် ရှိပါတယ်။ ပြည်နယ်ရဲ့အခြေခံ လိုအပ်ချက်ဖြစ်တဲ့ ပြည်နယ်တွင်း လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် လျှပ်စစ်မီး ရရှိရေး လုပ်ငန်း များကို ဦးစားပေးဆောင်ရွက်ထားကြောင်း တင်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်း များရဲ့ ယခုတောင်းခံထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေများနဲ့ ပြုပြင်ပြီး ခန့်မှန်းခြေ လျာထားတဲ့ ရငွေများ၊ လျာထားတဲ့ သုံးငွေများကို ပြည့်မီအောင် ဆောင်ရွက်ကြရန် ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ကြီးကြပ်ကွပ်ကဲသွားမှာ ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးကလည်း ဆက်လက်ရှင်းလင်းတင်ပြမယ့် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်အဆင့် အဖွဲ့အစည်းများရဲ့ ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုများ၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း တို့အပေါ်မှာ ဆွေးနွေးအတည်ပြုပေးကြပါရန် တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- နိဂုံးချုပ် အနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လာမယ့် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပသွားရန် သတ်မှတ်ထုတ်ပြန်ထားပြီး မဲဆန္ဒနယ်မြေများမှာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၆၈ နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၆၆၄ နယ်နဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးများ မဲဆန္ဒနယ် ၂၉ နယ် ဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းကို လည်း နိုင်ငံရေးပါတီအသီးသီးက ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှ ဩဂုတ်လ ၁၄ ရက်နေ့အထိ ဆောင်ရွက်လျက်ရှိရာမှာ ဩဂုတ်လ ၁၂ ရက်နေ့အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၄၀၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၇၄၀၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၆၄၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၄ ဦး စုစုပေါင်း ၄၉၃၂ ဦး ရှိပြီး နိုင်ငံရေးပါတီ ၈၄ ပါတီနဲ့ တသီးပုဂ္ဂလိက ၉၃ ဦးတို့မှ အမည်စာရင်း တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ ရှမ်းပြည်နယ်အတွင်းမှ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၅၁ နယ် အတွက်ကို ၂၆၂ ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၂ နယ်အတွက်ကို ၆၁ ဦးနဲ့ ရှမ်းပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၁၀၂ နယ်အတွက်ကို ၅၁၆ ဦး၊ တိုင်းရင်းသားလူမျိုး ၇ မျိုးအတွက် တိုင်းရင်းသားလူမျိုးစု လွှတ်တော် ၁၃၇ ဦး၊ စုစုပေါင်း ၈၇၆ ဦး ဝင်ရောက်အရွေးခံမှာဖြစ်ပြီး မဲရုံစုစုပေါင်း ၃၄၀၂ ရုံ၊



D/real(wide)



ရငွေ၊သုံးငွေစာရင်း များရဲ့ အခြေအနေကို ချိန်ဆပြီး ထပ်မံလိုအပ်မယ့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံတဲ့စာရင်းကို ရေးဆွဲပြုစုရခြင်း ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ယခု ဘဏ္ဍာရေးနှစ် ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများရဲ့ ဖြည့်စွက်ရန်ပုံငွေ တောင်းခံမှုကို BE ထဲမှာပါတဲ့ လုပ်ငန်းတွေအတွက်သာ တောင်းခံဖို့၊ BE ထဲမှာမပါဝင်သော်လည်း ယခုဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ သုံးစွဲရန်လိုအပ်တဲ့ ဦးစားပေးလုပ်ငန်းများ၊ ဒီဘဏ္ဍာရေးနှစ် အတွက် အမျိုးသား စီမံကိန်းမှာ ပါဝင်ပြီးသောလုပ်ငန်းများ၊ နိုင်ငံတော်ရဲ့မူဝါဒ၊ ရည်ရွယ်ချက်နဲ့ ဦးစားပေးရမယ့် လုပ်ငန်းများ စတာတွေပေါ်မှာ အခြေခံပြီး စိစစ် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုစိစစ်ပြီးနောက် ပေါ်ပေါက် လာတဲ့ ၂၀၁၅-၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများမှာ ကျပ်သန်းပေါင်း စုစုပေါင်း ရငွေဟာ မူလခန့်မှန်းခြေမှာ ကျပ်သန်းပေါင်း ၃၈၇၁၆. ၆၆၆ ဖြစ်ပါတယ်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာတော့ စုစုပေါင်းရငွေဟာ ကျပ်သန်းပေါင်း ၄၃၅၉၀. ၆၅၁ ဖြစ်ကြောင်း တင်ပြလိုပါတယ်။ စုစုပေါင်း သုံးစွဲငွေအနေနဲ့ မူလခန့်မှန်းခြေမှာ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျပ်သန်းပေါင်း ၂၄၆၇၃၉. ၀၆၉ သုံးစွဲရန် ဖြစ်ပါတယ်။ ယခု ဖြည့်စွက်ခွင့်ပြုငွေအနေနဲ့ ကျပ်သန်းပေါင်း ၂၄၄၇၉. ၁၀၃ သန်း တင်ပြတောင်းခံမှာ ဖြစ်တဲ့အတွက် စုစုပေါင်း ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းဟာ ကျပ်သန်းပေါင်း ၂၇၁၂၁၈. ၁၇၂ သန်း ဖြစ်ပါတယ်။ လိုငွေအနေနဲ့ဆိုရင် မူလခန့်မှန်းခြေ BE မှာ ကျပ်သန်းပေါင်း ၂၀၈၀၂၂. ၄၀ သန်း ဖြစ်ပြီး ယခု ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ လိုငွေ ကျပ်သန်းပေါင်း ၂၂၇၆၂၇. ၅၂၁ သန်း ဖြစ်သွားမှာ ဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေကျပ်သန်းပေါင်း ၂၄၄၇၉. ၁၀၃ သန်းမှာ သာမန်အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၂၇၅၈. ၅၅၈ သန်း သုံးစွဲမှာဖြစ်ပြီး၊ ငွေလုံး ငွေရင်းအသုံးစရိတ် အနေနဲ့

မိုင်းလားမြို့နယ်ကတော့ စိစစ်ဆဲ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ် မယ့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို ရှမ်းပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများနဲ့ လွှတ်တော်သို့ တက်ရောက် လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများမှ လိုအပ်သည်များ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးသွားကြပါလို့ တိုက်တွန်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) ပထမနေ့မှာ ပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ် လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈ ၊ ပုဒ်မခွဲ(ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။





ဥပဒေအမှတ် (၂)ကို ရှမ်းပြည်နယ်လွှတ်တော်မှ ၁-၄-၂၀၁၅ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ဌာန/ အဖွဲ့အစည်းများဟာ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေ အရသုံးဆိုင်ရာ ဥပဒေအရ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်တဲ့နေရာမှာ အရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ဘောင်အတွင်း မိမိတို့နှင့်ဆိုင်ရာ အခွန်အကောက်နှင့် အခြားရငွေများကို အပြည့်အဝရရှိစေရန် စီမံကြီးကြပ် ကောက်ခံရန်နှင့် အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲကြရန် အဓိကတာဝန်ရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ် လမ်းညွှန်လျက်ရှိကြောင်း ကွန့်တော့အနေနဲ့ တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများဟာ သာမန်အသုံးစရိတ်မှာ အကြောင်းအမျိုးမျိုး ကြောင့် အရအသုံး ခန့်မှန်းငွေစာရင်းမှာခွင့်ပြုထားတဲ့ ရန်ပုံငွေနဲ့မလုံလောက်တဲ့အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်း ခံခြင်းနှင့်ငွေလုံးငွေရင်း အသုံးစရိတ်မှာ ၂၀၁၅-၂၀၁၆ ခုနှစ်၊ အမျိုးသားစီမံကိန်းဥပဒေမှာ ပါဝင်တဲ့ လုပ်ငန်းစီမံကိန်းများအတွက်သာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၈-၇-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၂၀၈၃/၃၄၉-ဖြည့်စွက် ၁-၁၈/ အဖရ (၂၀၁၅)နဲ့ အကြောင်းကြားချက်အရ ရေးဆွဲထားခြင်းဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၅ အရ ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်ဖြစ်တဲ့ ဝန်ကြီးချုပ်ဟာသက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် မိမိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ

လျာထားချက် သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရန် လျာထားချက်ကို သတ်မှတ်ချိန်အတွင်းပြုစု၍ ဘဏ္ဍာရေး ကော်မရှင်သို့ တင်ပြရမှာဖြစ်တဲ့အတွက်ကြောင့် ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်အတွက်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံတဲ့ စာရင်း များအား ၁၇-၈-၂၀၁၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၁၅)မှာ အတည်ပြုခဲ့ပြီးဖြစ်ပါ၍ ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းအပ် ပါတယ်ခင်ဗျား။

၂၀၁၅-၂၀၁၆ခုနှစ်ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြု ငွေစာရင်းမှာ သာမန်အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၂၇၅၈. ၅၅၈ သန်း ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၂၁၇၂၀. ၅၄၅၊ ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း စုစုပေါင်းကျပ်သန်းပေါင်း ၂၄၄၇၉. ၁၀၃ သန်းတင်ပြ တောင်းခံသုံးစွဲသွားမှာဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ် ဗဟိုပြည်တွင်းကုန်တင်၊ ကုန်ချကော်မတီရုံး၏ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအား ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် အတွင်း အချိန်မီဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၀၁၅ခုနှစ်၊ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေအရအသုံးဆိုင်ရာ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ရှမ်းပြည်နယ်ဗဟိုပြည်တွင်း ကုန်တင်၊ကုန်ချ ကော်မတီရုံး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနအစားအခု ရှမ်းပြည်နယ် ကုန်တင်၊ ကုန်ချကော်မတီရုံး အနေနဲ့နာမည်ပြောင်းလဲပြီးတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရေးဆွဲထားပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅)အတည်ပြုချက်အရ ရှမ်းပြည်နယ်လွှတ်တော်သို့တင်သွင်းအပ် ပါတယ်ခင်ဗျား။





## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်း များ၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုငွေတောင်းခံခြင်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ အစီအစဉ် ( ၇ )ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအား ပြည်နယ် လွှတ်တော်သို့ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးမှတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး**။ အားလုံး မင်္ဂလာပါခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး ( ၁/၂၀၁၅ )သို့ တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေး ဝန်ကြီး ဦးခွန်သိန်းမောင်ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ဌာနအဖွဲ့ အစည်းများရဲ့ ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအား ရှမ်းပြည်နယ် အစိုးရအဖွဲ့ ကိုယ်စားရှမ်းပြည်နယ်လွှတ်တော်သို့တင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။၂၀၁၅ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ၊ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ၂၀၁၅-၂၀၁၆ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လမ်းဦးစီးဌာနအဖြစ် ပြင်ဆင်ပြောင်းလဲခဲ့၍ ၂၀၁၄-၂၀၁၅ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းရဲ့ အမြတ်ငွေမှနိုင်ငံတော်ထည့်ဝင်ငွေထည့်ဝင်ရန်နှင့် ဝင်ငွေခွန်ပေးဆောင်ရန် ကျန်ရှိသည့် ငွေရပ်ကျပ်သန်းပေါင်း ၈၀၄. ၄၅၄ သန်းအား ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်မှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ဖြည့်စွက်ရန်ပုံငွေအဖြစ် တောင်းခံထားကြောင်းလေးစားစွာတင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ခုနှစ်၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ သာမန်အသုံးစရိတ်ကျပ်သန်းပေါင်း ၉၄၉. ၁၅၀ သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း ၅၁၂၀. ၄၆၂ သန်း၊ စုစုပေါင်းကျပ်သန်းပေါင်း ၆၀၆၉. ၆၁၂သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထဲမှာ ပါဝင်တဲ့အစိုးရအဖွဲ့ရဲ့ သာမန်အသုံးစရိတ်အနေနဲ့ ၆၆. ၂၁၇ သန်း ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ၂၃၀၄. ၁၃၇ သန်း စုစုပေါင်းရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ တင်ပြ တောင်းခံငွေသည်ကျပ်သန်းပေါင်း ၂၃၇၀. ၃၅၄ သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သာမန်အသုံးစရိတ်အနေနဲ့ လျှပ်စစ်မီးနှင့်ဓာတ်အားခ၊ ရွာမြေဂရန်ထုတ်ပေးနိုင်ရေး နယ်ခြားမှတ်တိုင် ကြေးတိုင်နှင့် စားကျက်မြေ၊ သတ်မှတ်မှုအတွက် ကုန်ကျစရိတ်နှင့် ဧည့်ခံကျွေးမွေးစရိတ်များအတွက် တောင်းခံခြင်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ဆောက်လုပ်ရန်အတွက် ၃၀ ရာခိုင်နှုန်း လျာထားခြင်းနှင့် ရှမ်းပြည်နယ်မြို့နယ်၊



D/real(wide) (1



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အနေနဲ့ သာမန်အသုံးစရိတ် ၁. ၀၀ သန်းတင်ပြတောင်းခံ ထားပြီး ဧည့်ခံကျွေးမွေးစရိတ်အတွက် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

ရုပ်ရှင်လုပ်ငန်းအနေနဲ့ သာမန်အသုံးစရိတ် ၉. ၄၃၃ သန်းတင်ပြတောင်းခံထားပြီး ဝန်ထမ်းအတွက်လိုအပ် တဲ့လစာငွေများတောင်းခံခြင်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ဆည်မြောင်းဦးစီးဌာနအနေနဲ့ သာမန်အသုံးစရိတ် ၈၇၂. ၅၀၀ သန်းနဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ၁၂၄၈. ၂၀၀ သန်း တင်ပြတောင်းခံတဲ့အတွက် စုစုပေါင်းကျပ်သန်းပေါင်း ၂၁၂၀. ၇၀၀ သန်းတင်ပြတောင်းခံထားပါတယ်။ အသေးစိတ်စာရင်းများကို လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဆောင်ရွက်ခြင်းတွင် ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအနေနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်သန်းပေါင်း ၁၃၉၉. ၆၆၀ သန်း တင်ပြတောင်းခံထားပါတယ်။

လွှတ်တော်မှသာမန်အသုံးစရိတ် ၅. ၉၃၃ သန်း တင်ပြတောင်းခံထားပြီးလုပ်အားခ၊ အဆောက်အဦနှင့် အခြားအတွက် လိုအပ်ခြင်းအတွက်တင်ပြတောင်းခံခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥပဒေရုံးအနေနှင့်ငွေလုံးငွေရင်း အသုံးစရိတ် ၁၆. ၆၅၀ သန်း တင်ပြတောင်းခံထားပြီး ပြည်နယ်ဥပဒေချုပ်ရုံးရဲ့ အစည်းအဝေးခန်းမအတွက် လိုအပ်သောပရိဘောဂနှင့်Projector ၂ စုံ၊အသံချဲ့စက် ၁ စုံ၊ ဝယ်ယူခြင်းအတွက် တင်ပြတောင်းခံခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

စာရင်းရုံးအနေနဲ့ သာမန်အသုံးစရိတ် ၃၀ သန်း တင်ပြထားပါတယ်။သယ်ယူပို့ဆောင်ခ၊ တံဆိပ်ခေါင်း၊ ကြေးနန်း၊ တယ်လီဖုန်း၊ အဆောက်အဦပြုပြင်ဆင်ရန်နှင့် ဝန်ထမ်းအိမ်ရာများရေ၊ မီးရရှိရေးအတွက်ဆောင်ရွက်ရန် အတွက်တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ၁၀၈. ၂၇၂ သန်း တင်ပြတောင်းခံ ထားပါတယ်။ ဆောင်ရွက်မည့်လုပ်ငန်းတွေက လျှပ်စစ်မီးသွယ်တန်းခြင်း၊ စက်ကိရိယာများဝယ်ယူခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ၅ % ပေးဆောင်ရန်အတွက်တင်ပြတောင်းခံထားခြင်းဖြစ်ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေနှင့်ငွေလုံးငွေရင်းအသုံးစရိတ် ၁၁. ၂၅၀ သန်း တင်ပြတောင်းခံ ထားပါတယ်။ မူလဆောက်လုပ်ထားသည့် ဝန်ထမ်းအိမ်ရာလုပ်ငန်းများအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ခြင်းဖြစ်ပါတယ်။

မီးသတ်ဦးစီးဌာနအနေနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်သန်းပေါင်း ၁၉၃. ၉၆၃ သန်းတင်ပြတောင်း ခံထားပါတယ်။ ဆောင်ရွက်မည့်လုပ်ငန်းများအနေနှင့် လေသွင်းရာဘာလှေအတွက် ရှုပ်ပြေးသုံးအင်ဂျင် ၁၁ လုံး ဝယ်ယူခြင်းနှင့်မူလလျာထားသည့် အဆောက်အဦလုပ်ငန်းများအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ခြင်း တင်ပြတောင်းခံထားခြင်းဖြစ်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခြင်းဆိုသည်မှာ ယခုနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စတင်တဲ့ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ယခင်ကဝတ်ဟိုရင်းခါတ် ၂%သာပေးဆောင်ရ သော်လည်းဘဲ ယခုနှစ်ဘဏ္ဍာရေးနှစ်မှာ ကုန်သွယ်လုပ်ငန်းခွန် ၅%ပေးဆောင်ရမှာ ဖြစ်တဲ့အတွက် ထပ်မံတင်ပြတောင်းခံခြင်းဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။



D/real(wide) (1



ခရိုင်စုပေါင်းရုံးအတွက်လိုအပ်သောစက်ကိရိယာ၊ ပရိဘောဂများဝယ်ယူရန်၊ ကုန်သွယ်လုပ်ငန်းခွန် ၅%ပေးဆောင်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရန် တောင်းခံခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ဘတ်ဂျတ်ထဲမှာပါဝင်တဲ့ “ဝ” တိုင်းဦးစီးအဖွဲ့အနေနဲ့ငွေလုံးငွေရင်းအသုံးစရိတ် ၂၈. ၉၂၀ သန်း တင်ပြတောင်းခံထားပြီး ရုံးသုံးပရိဘောဂများဝယ်ယူရန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ရန်အတွက် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အနေနဲ့ ငွေလုံးငွေရင်း ၂. ၆၃၅ သန်းတင်ပြတောင်းခံထားပြီး ကုန်သွယ်လုပ်ငန်းခွန် ၅%ပေးဆောင်ရန်အတွက် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အနေနဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ၁၃၀. ၀၄၅ သန်းတင်ပြ တောင်းခံထားပြီး ဒေသဦးစီးရုံးဝန်ထမ်း နားနေဆောင်ဆောက်လုပ်ခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ ခြံစည်းရိုး ကာရံခြင်း၊ ကျောက်စီမြေထိန်းနံရံဆောက်လုပ်ခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ၅%ပေးဆောင်ရန်အတွက် တင်ပြတောင်းခံခြင်း ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အနေနဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ၆. ၈၆၅ သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့သုံးစွဲမဲ့ကိစ္စကတော့ ရေလောင်းအိမ်သာ ပြုပြင်ခြင်း၊Sky Net နှစ်စဉ်ကြေး၊ Internet လိုင်းတပ်ဆင်ခြင်းအတွက် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

သမဝါယမအနေနှင့်သာမန်အသုံးစရိတ် ၉. ၂၉၈ သန်း ငွေလုံးငွေရင်း အသုံးစရိတ် ၁. ၀၀၂ သန်းဖြစ်တဲ့အတွက် စုစုပေါင်း ၁၀. ၃၀၀ သန်း တင်ပြတောင်းခံထားပါတယ်။ သာမန် အသုံးစရိတ် အနေနှင့် ပြည်တွင်းခရီးစရိတ်၊ မော်တော်ယာဉ် ပြင်ဆင်စရိတ်နှင့် ပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ငွေလုံးငွေရင်း အနေနှင့် ကွန်ပျူတာ ၂ လုံးဝယ်ယူရန် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အသေးစား စက်မှုလက်မှုလုပ်ငန်းတွင် သာမန်အသုံးစရိတ် အနေနဲ့ ၂၉. ၂၅၈ သန်း၊ ငွေလုံးငွေရင်းအနေနဲ့ ၂၀. ၁၃၆ သန်း ဖြစ်တဲ့အတွက် စုစုပေါင်း ၄၉. ၃၉၄ သန်းဖြစ်ပါတယ်။သာမန် အသုံးစရိတ်အနေနဲ့ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်နှင့် ပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းအတွက် အသုံးစရိတ်များ တောင်းခံခြင်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအတွက် အသုံးစရိတ် အနေနဲ့ ပြည်နယ်ရုံးခြံစည်းရိုး ကာရံခြင်း၊ လမ်းများပြုလုပ်ခြင်းနှင့် သင်တန်းအထောက်အကူပြုပစ္စည်းဝယ်ယူခြင်း၊ ဆိုင်ကယ် ၂ စီး ဝယ်ယူခြင်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနမှသာမန်အသုံးစရိတ် ၈၅. ၉၇၂ သန်း တင်ပြတောင်းခံထားပါ တယ်။ ခရီးစရိတ်၊ လုပ်အားခ၊ လုပ်ငန်းသုံး၊ ပြပွဲ၊ ပြိုင်ပွဲအဆောက်အဦပြင်ဆင်ခြင်း၊ လမ်းနှင့်အခြားအသုံးစရိတ် များအတွက် တင်ပြ တောင်းခံခြင်းဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ၂၇. ၈၄၅ သန်းတင်ပြတောင်းခံထားပြီး မဘိမ်းရုံး အဆောက်အဦ ဆောက်လုပ်ခြင်း၊ လွိုင်လင်ခရိုင်ရုံး ရေစင်ဆောက်လုပ်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းအတွက် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။





သမ္မတရဲ့လမ်းညွှန်ချက်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းညွှန်ချက် များနှင့် လွှတ်တော်ကတိကဝတ်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် တင်ပြတောင်းခံခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆားလုပ်ငန်းမှ သာမန်အသုံးစရိတ် ၀. ၃၇၂ သန်း တင်ပြ တောင်းခံထားပြီးကြီးကြပ်ရေးမှူး ၁ ဦး ရာထူးတိုးခြင်း၊ မိသားစု ပင်စင်တိုးမြှင့်ခြင်းအတွက် ဖြစ်ပါတယ်။

စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ငွေလုံးငွေရင်းအသုံးစရိတ် ၁၇. ၅၁၀ သန်း တင်ပြတောင်းခံထားပြီး လင်းခေး၊ မောက်မယ်ရုံး ပြုပြင်ခြင်း၊ လားရှိုးရုံးကားပါကင်ဆောက်လုပ်ခြင်း၊ ကားအကြီးစား ၁ စီး ပြုပြင်ခြင်း၊ အဝီစိတွင်းတူးခြင်း၊ နမ့်စန်မိုးကြိုးလွှဲနှင့်ဖုန်းလိုင်း ပြုပြင်ရန်အတွက်တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သာမန်အသုံးစရိတ် အနေနဲ့ ၄၁. ၂၈၆ သန်း၊ ငွေလုံးငွေရင်းအသုံး စရိတ် ၈၈၂. ၀၄၈ သန်း၊ စုစုပေါင်း ၉၂၃. ၃၃၄ သန်း တင်ပြ တောင်းခံ ထားပါတယ်။ သာမန်အသုံးစရိတ်အနေနဲ့ ဖွဲ့စည်းပုံအရ ပြောင်းရွှေ့လာသော ဝန်ထမ်းများအတွက် လစာ၊ ခရီးစရိတ်၊ လုပ်အားခများ၊ ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီနှင့် လျှပ်စစ်ဓါတ်အား ခများ လိုအပ်ခြင်းအတွက် တင်ပြ တောင်းခံခြင်းဖြစ်ပါတယ်။ငွေလုံးငွေရင်း အသုံးစရိတ် အနေနဲ့ ဝါးပြားအိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းနှင့်ပြည်သူ့ ဝန်ထမ်းအိမ်ရာလုပ်ငန်း တို့အတွက် ဖြည့်စွက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ပြ တောင်းခံခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့ ၁၉. ၉၅၀ သန်းတင်ပြ တောင်းခံထားပြီး မိုင်းတုံမြို့နယ် ဦးစီးမှူးရုံးဆောက်လုပ်ခြင်းအတွက် တင်ပြ တောင်းခံခြင်း ဖြစ်ပါတယ်။

သစ်တောဦးစီးဌာနမှ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ၂၇. ၉၃၄ သန်းတင်ပြတောင်းခံထားပြီး သမ္မတ လမ်းညွှန်ချက်အရ ကလောမြို့နယ်အား ထင်းရှူးမြို့တော်ဖြစ်စေရေးအတွက် ထင်းရှူးစိုက်ခင်း ၁၉၅ ဧက တည်ဆောက်ခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန် ၅%ပေးဆောင်ခြင်းအတွက် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သာမန်အသုံးစရိတ် ၅. ၂၉၂ သန်း တင်ပြတောင်းခံထားပြီး လုပ်အားခ၊ ရုံးအသုံးအဆောင်ပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ပုံနှိပ်ခနှင့်ကျွေးမွေးစရိတ်များ တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ သာမန် အသုံးစရိတ် ၄. ၇၀၀ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၅၇၀၁. ၉၉၄ သန်း စုစုပေါင်း ဖြည့်စွက်ခွင့်ပြုငွေတင်ပြ တောင်းခံခြင်း ၅၇၀၆. ၆၉၄ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သာမန် အသုံးစရိတ်အနေနဲ့ ကြော်ငြာခ၊ ဘဏ်ဆောင်ရွက်ခ၊ စာပို့ခနှင့်ပုံနှိပ်ခများအတွက် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့ တိုးချဲ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၆ ခု၊ အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခုနှင့် ကျေးရွာ မီးလင်းရေးလုပ်ငန်း ၆၂ ရွာဆောင်ရွက်ရန်အတွက် တင်ပြ တောင်းခံခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အားကစားနှင့်ကာယပညာဦးစီးဌာနမှ ငွေလုံးငွေရင်း အသုံးစရိတ် ၁၇၇၅. ၃၀၁ သန်းတင်ပြ တောင်းခံထားပြီး





လမ်းဦးစီးဌာနမှ သာမန်အသုံးစရိတ်အနေနဲ့ ၄၉၀. ၈၀၉ သန်း နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ၅၈၈၀. ၀၀ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၆၃၇၀. ၈၀၉ သန်း တင်ပြတောင်းခံ ထားပါတယ်။ သာမန် အသုံးစရိတ်အနေနဲ့ လမ်းလုပ်ငန်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း အတွက် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့ သဘာဝဘေးဒဏ်၊ မိုးဒဏ်ကြောင့် ပျက်စီးသွားသော လမ်း၊တံတားများ ပြုပြင်ရန် လမ်းညွှန်ချက်နှင့် လွှတ်တော်ကတိကဝတ်အရ ဆောင်ရွက်ခြင်းတို့အတွက် တင်ပြ တောင်းခံခြင်းဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက် ခြင်းဖြစ်ပါတယ်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သာမန်အသုံးစရိတ် အနေနဲ့ ၈၀၄. ၄၅၄ သန်းတင်ပြတောင်းခံထားပြီး ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ်ရဲ့အမှန်စာရင်းအရ အမြတ်ပိုမိုရရှိ၍ နိုင်ငံတော် ထည့်ဝင်ငွေနှင့်ဝင်ငွေခွန်ပေးဆောင်ခြင်းအတွက် တင်ပြတောင်းခံ ထားခြင်းဖြစ်ပါတယ်။

စည်ပင်ဌာနမှ သာမန်အသုံးစရိတ်အနေနဲ့ ၃၀၂. ၀၃၄ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ၁၉၁၆. ၂၂၈ သန်း တင်ပြတောင်းခံတဲ့အတွက် စုစုပေါင်း ၂၂၁၈. ၂၆၂ သန်း ဖြစ်ပါတယ်။ သာမန် အသုံးစရိတ်အနေနဲ့ လျှပ်စစ်ဓါတ်အားခ၊ အခြားပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အစိုးရဝန်ထမ်းများ အကျိုး ခံစားခွင့်များအတွက် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။ ငွေလုံး ငွေရင်းအသုံးစရိတ်အနေနဲ့ စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တင်ပြတောင်းခံခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေ သာမန်အသုံးစရိတ်ကျပ်သန်းပေါင်း ၂၇၅၈. ၅၅၈သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ်သန်းပေါင်း ၂၁၇၂၀. ၅၄၅ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၂၄၄၇၉. ၁၀၃ သန်းဖြစ်ပါတယ်။ တနည်းအားဖြင့် ၂၄. ၄၇၉ ဘီလီယံဖြစ်ကြောင်း လေးစားစွာ တင်ပြအပ် ပါတယ်။

၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရာတွင် သာမန်အသုံးစရိတ်သုံးစွဲမဲ့ အနေအထားမှာ သက်ဆိုင်ရာအစိုးရအဖွဲ့ ဗဟိုအဖွဲ့အစည်းဝန်ကြီးဌာန၊ ဦးစီးဌာနနဲ့ စည်ပင်သာယာရေးလုပ်ငန်းများကို အသေးစိတ်ဖော်ပြထားပြီး သာမန်အသုံးစရိတ်များပါဝင်တဲ့ သုံးစွဲရမည့် ခေါင်းစဉ်များက လစာစရိတ်နှင့် ချီးမြှင့်ငွေဖြစ်ပြီးပါဝင်တဲ့ ပမာဏ ၃၀. ၁၈၆ သန်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ခရီးစရိတ် ၁၇. ၁၂၇သန်း ပစ္စည်းများလုပ်အားနှင့်ဆောင်ရွက်မှုအတွက် ၁၆၈. ၅၆၅ သန်း၊ ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီအတွက် ၂. ၁၁၂သန်း၊ ပြင်ဆင် ထိန်းသိမ်းစရိတ်အတွက် ကျပ်သန်းပေါင်း ၁၅၃၇. ၀၈၁ သန်း၊ လွှဲပြောင်း သုံးစွဲခြင်းအတွက် ကျပ်သန်းပေါင်း ၈၄. ၆၂၅ သန်း ၊ လွှဲပြောင်းသုံးစွဲငွေဆိုသည်မှာ သင်တန်းပေးခြင်း၊ အလှူအတန်း ပြုလုပ်ခြင်းမှာပါဝင်ကြောင်းတင်ပြအပ်ပါတယ်။ ဧည့်ခံစရိတ် ၁. ၃၀၀ သန်း၊ ရုပ်ရှင်၊ ပင်စင်ဌာန ၁၁၃. ၁၀၈ သန်း၊ နိုင်ငံတော် ထည့်ဝင်ငွေအနေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ ၈၀၄. ၄၅၄ သန်း၊ စုစုပေါင်း သာမန်အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၂၇၅၈. ၅၅၈သန်း ဖြစ်ကြောင်းတင်ပြအပ် ပါတယ်။

ဆက်လက်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်ကိုလည်း ဗဟိုအဖွဲ့အစည်းအားလုံး ဝန်ကြီးဌာနဦးစီးဌာနနှင့် စည်ပင်





ပိုမိုရရှိလာမှာဖြစ်ပြီး တရားမဝင်ပစ္စည်းများ လေလံတင်ရောင်းချခြင်း ရငွေကို ၅၀%ပေးသွင်းတဲ့ ရငွေများဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ စည်ပင်ဌာနမှာကျပ်သန်းပေါင်း ၂၇၇၂. ၅၁၅ သန်း ပိုမို ရရှိလာမှာဖြစ်ပြီး အမြတ်ခွန်၊ ဘီးခွန်၊ ပစ္စည်းများရောင်းချရငွေနှင့် အခြားရငွေများ၊ ဒဏ်ငွေများ၊ ပိုပေးမိငွေမှ ပြန်ရငွေများဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ခုနှစ်ဘဏ္ဍာရေးနှစ်မှာအခွန်အကောက်ရငွေ စာရင်းဖြစ်ပါတယ်။ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရေခွန်နှင့် တာတမံခွန်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနှင့် ယစ်မျိုးခွန်၊ မြေယာပေါ်မှာ ကောက်ခံတဲ့ အခွန်၊ ဓါတ်သတ္တုခွန်များ ကောက်ခံ ရရှိမှာဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေနှင့်အင်းအိုင်ခွန် ဖြစ်ပါတယ်။သစ်တောဦးစီးဌာနအနေနှင့်သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အခွန်ရရှိမှာဖြစ်ပါတယ်။ စည်ပင်သာယာရေး အဖွဲ့အနေနဲ့ ပစ္စည်းခွန်၊ဘီးခွန်၊အခွန်ဝေစုရရှိမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မူလခန့်မှန်းခြေရငွေ ၂၅၃၁. ၈၀၅ သန်း၊ ပြုပြင်ပြီးခန့်မှန်းခြေမှာ ၂၉၇၀. ၁၀၁ သန်းရရှိမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ခုနှစ်ဘဏ္ဍာရေးနှစ်အတွက် မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ပြုပြင် ပြီးခန့်မှန်းခြေငွေစာရင်းကို နှိုင်းယှဉ်ပြီးတော့ ဖော်ပြထားခြင်းဖြစ်ပါတယ်။ မူလကသာမန်ရငွေ ၃၈၇၁၆. ၆၆၆ သန်းဖြစ်ပြီး၊ ပြုပြင်ပြီးခန့်မှန်းခြေငွေအနေနဲ့ သာမန်ရငွေမှာ ကျပ်သန်းပေါင်း ၄၃၅၉၀. ၆၅၁ သန်းဖြစ်မှာဖြစ်ပါတယ်။ စုစုပေါင်း ရငွေအနေနဲ့ မူလခန့်မှန်းခြေငွေစာရင်းမှာကျပ်သန်းပေါင်း ၃၈၇၁၆. ၆၆၆သန်းဖြစ်ပြီး၊ ပြုပြင်ပြီးခန့်မှန်းခြေရသည့် ငွေကျပ် သန်းပေါင်း ၄၃၅၉၀. ၆၅၁သန်းဖြစ်တဲ့အတွက်ပိုရငွေဖြစ်ပါတယ်။

သာမန်အသုံးစရိတ်နှင့် ငွေလုံးအသုံးစရိတ် စုစုပေါင်း အသုံးစရိတ်သည် မူလခန့်မှန်းခြေငွေစာရင်းမှာ သုံးစွဲမည့် ငွေစာရင်းသည် ကျပ်သန်းပေါင်း ၂၄၆၇၃၉. ၀၆၉သန်းဖြစ်ပြီး ယခုပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း အရသုံးစွဲမည့်ငွေသည် ကျပ်သန်းပေါင်း ၂၇၁၂၁၈. ၁၇၂သန်းဖြစ်ပါတယ်။ ခြားနားချက်သည် ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံထားတဲ့ အတွက်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။ မူလခန့်မှန်းခြေမှ လိုငွေသည် ၂၀၈. ၀၂၂ ဘီလီယံဖြစ်ပြီးတော့ ပြုပြင်ပြီးခန့်မှန်းခြေ ငွေသည် ၂၂၇. ၆၂၇ ဘီလီယံဖြစ်လာမှာဖြစ်ကြောင်းတင်ပြအပ် ပါတယ်။

၂၀၁၅-၂၀၁၆ခုနှစ်ဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုငွေ တောင်းခံသည့် ငွေရပ်မှာ ကျပ်သန်းပေါင်း ၂၄၄၇၉. ၁၀၃သန်း ဖြစ်ပြီး မူလခန့်မှန်းခြေအသုံးစရိတ်၏ ၉. ၉၂%ရှိကြောင်း တင်ပြအပ်ပါတယ်။ဖြည့်စွက် ခွင့်ပြုငွေတောင်းခံရာတွင် မူလ ခန့်မှန်းခြေအသုံးစရိတ်၏ ၁၀% ထက်ကျော်လွန်၍ မရပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ မူလလိုငွေအနေဖြင့် ၁၁. ၇၆% ရှိကြောင်းတင်ပြအပ်ပါတယ်။ မူလလိုငွေ၏ ၉. ၄၂% ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်မည့် ဘောင်အတွင်းဖြစ်စေရန် MTFFလို့ခေါ်တဲ့ Medium Term Framework အရ မူလရသုံးခန့်မှန်းခြေငွေစာရင်းမှာ ပြည်ထောင်စုမှ ထောက်ပံ့ငွေမူလ BE တုန်းက ထောက်ပံ့ထားတဲ့ ကျပ်သန်းပေါင်း ၂၀၈၀၂၂. ၄၀၃ သန်းရှိပါတယ်။ MTFFအရ ဒီလောက်ပဲ





လုပ်ငန်းများ ပါဝင်တဲ့လုပ်ငန်းတွေကိုဖော်ပြခြင်းဖြစ်ပြီး စုစုပေါင်း အနေနှင့် ငွေလုံးငွေရင်းအသုံးစရိတ်မှာ လုပ်ငန်းစီမံကိန်းများအတွက် ကျပ်သန်းပေါင်း ၁၁၃၉၉. ၂၆၉ သန်းပါဝင်မှာဖြစ်ပြီး လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်း ၆၀၇၇. ၅၇၂ သန်းပါဝင်မှာဖြစ်ပါတယ်။ စက်ကိရိယာအတွက် ၆၄. ၉၀၃ သန်း၊ ပရိဘောဂအတွက် ၆၂. ၆၀၄ သန်း၊ ယာဉ်အတွက် ၃၄၇. ၃၃၅ သန်း၊ အခြားရုံးသုံးအတွက် ၄. ၀၅၃ သန်း၊ အခြားလုပ်ငန်းအတွက် ၆၀၅. ၁၀၄ သန်းနှင့် ဒေသဖွံ့ဖြိုးရေး ထောက်ပံ့ဖို့အတွက် ကျပ်သန်းပေါင်း ၃၁၅၉. ၇၀၅ သန်းဖြစ်တဲ့ အတွက် ငွေလုံးငွေရင်း ဖြည့်စွက် ခွင့်ပြုငွေ တောင်းခံခြင်းဟာ ကျပ်သန်းပေါင်းသုံးစွဲမဲ့ အနေအထားသည် ကျပ်သန်းပေါင်း ၂၁၇၂၀. ၅၄၅ သန်းဖြစ်ကြောင်း တင်ပြအပ် ပါတယ်။

၂၀၁၅-၂၀၁၆ခုနှစ်ဘဏ္ဍာရေးနှစ်မှာပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းမှာ ရငွေ တိုးငွေနှင့်လျော့နည်းရခြင်းကို ရှင်းလင်းတင်ပြထား ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မူလခန့်မှန်းခြေရရှိမဲ့ ငွေဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေရရှိမဲ့ငွေဖြစ်ပါတယ်။ ဒါကြောင့်ပြုပြင်ပြီး ခန့်မှန်းခြေမှာရငွေတိုးလာမဲ့အနေအထားဖြစ်ပါတယ်။ ကျပ်သန်းပေါင်း ၁၇၇၆. ၂၉၄ သန်းဖြစ်ပါတယ်။ ရှင်းလင်းချက်အနေနဲ့ ဘာကြောင့်ရ သလဲဆိုရင် ရေခွန်နှင့် တာတမံခွန်၊ နယ်စပ်ဖြတ်သန်းခ ၃%၊ တင်ဒါ လျှောက်လွှာရောင်းရငွေ၊ ဝန်ဆောင်မှုလုပ်ငန်းမှရငွေနှင့် ပိုပေး မိငွေမှ ပြန်ရငွေများဖြစ်ပါတယ်။

တရားရေးဌာနမှ ၈၁. ၅၈၅ သန်း ပိုမိုရရှိမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးမှာ တိုးလာပါတယ်။ စက်မှုသီးနှံ အနေနဲ့ ၆. ၂၄၅ သန်း လျော့နည်းသွားပြီး ကြံစိုက်ပျိုးတဲ့ဧကလျော့နည်းသွားတဲ့အတွက် အဲ့ဒီပေါ်မှာရရှိတဲ့ အခွန်လျော့နည်းသွားတဲ့ အကြောင်းတင်ပြအပ် ပါတယ်။ ရသုံးခန့်မှန်းခြေငွေစာရင်း ဦးစီးဌာနမှာ ၁၂၃. ၉၅၆ သန်း

ထောက်ပံ့ပေးနိုင်တဲ့အကြောင်း ဒီဘောင်အတွင်းဝင်အောင် ရေးဆွဲခဲ့ရခြင်းဖြစ်ပါတယ်။ ယခု၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်၏ ဖြည့်စွက်ခွင့်ပြုတောင်းခံသည့် ကျပ်သန်းပေါင်း ၂၄၄၇၉. ၁၀၃ သန်းအရ ပြုပြင်ပြီးခန့်မှန်းခြေဖြစ်ပေါ်လာမည့် လိုငွေသည် ကျပ်သန်းပေါင်း ၂၂၇၆၂၇. ၅၂၁ သန်းဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဒါကတော့အသေးစိတ်ကို ပြန်လည်ဖော်ပြခြင်းဖြစ်ပါတယ်။၂၀၁၅-၂၀၁၆ခုနှစ်ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေ လိုအပ်ချက် ဖြစ်ပါတယ်။ဌာနအဖွဲ့အစည်း အနေနှင့် ဝန်ကြီးဌာန၊ ဦးစီးဌာန မူလရသုံးခန့်မှန်းခြေဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီးခန့်မှန်းခြေပိုငွေ၊လိုငွေတွေကို ယခုဖော်ပြထားပါတယ်။ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ မူလခန့်မှန်းခြေမှာရငွေ၊သုံးငွေ၊ပိုငွေ၊လိုငွေနှင့် ဖြည့်စွက်ခွင့်ပြုတင်ပြ တောင်းခံထားတဲ့ အနေအထား၊ ပြုပြင်ပြီးရငွေ၊သုံးငွေ၊ပိုငွေ၊လိုငွေဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့ရဲ့ မူလခန့်မှန်းခြေမှာ ရငွေ၊သုံးငွေ၊ပိုငွေ၊လိုငွေဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေဖြစ်ပြီးတော့ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းဖြစ်ပါတယ်။ ပြုပြင်ပြီးခန့်မှန်းခြေသုံးတဲ့ ငွေသည်ကျပ်သန်းပေါင်း ၂၇၁၂၁၈. ၁၇၂ သန်းဖြစ်ပြီးလိုငွေသည် ကျပ်သန်းပေါင်း ၂၂၇၆၂၇. ၅၂၁ သန်း ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး စာရင်းချုပ်အနေနဲ့ မူလခန့်မှန်းခြေငွေ ၊ ဖြည်စွက်ခွင့်ပြုတောင်းခံငွေကျပ်သန်းပေါင်း ၂၄၄၇၉. ၁၀၃ သန်း၊ ထို့ကြောင့် စုစုပေါင်းပြုပြင်ပြီး ခန့်မှန်းခြေသုံးငွေသည်လိုငွေကျပ်သန်းပေါင်း ၂၇၁၂၁၈. ၁၇၂ သန်းဖြစ်ပါတယ်။





## ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊အဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ အစီအစဉ်(၈)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊အဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၅ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့၊ ဗုဒ္ဓဟူးနေ့မှာဆွေးနွေးပါမယ်။ ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာပြည်နယ်လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းရန်ဖြစ်ပါတယ်။



D/real(wide) (1

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့တွင် တင်သွင်းသော ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့တွင် တင်သွင်းသော ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားများအနေနဲ့ ဆွေးနွေးမည့်အချက်ကို ရှမ်းပြည်နယ်လွှတ်တော်ရုံးသို့ ၃၀-၄-၂၀၁၅ ရက်နေ့အရောက် နောက်ဆုံးထားပြီးပေးပို့ရန် အကြောင်းကြား ထားပြီးဖြစ်ပါတယ်။ သို့သော်လည်း ကိုယ်စားလှယ်များအနေနဲ့ အမည်စာရင်းပေးပို့လာခြင်းမရှိတဲ့အတွက် ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဆိုင်ရာ ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်လင်းပေးရန် ဖိတ်ခေါ်ပါတယ်။





ငွေလုံးငွေရင်းအသုံး စရိတ်အနေနဲ့ ပြုပြင်ပြီးခန့်မှန်းခြေမှာ ကျပ်သန်းပေါင်း ၁၈၈၄၆၅. ၉၁၁ သန်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအတွက်လိုငွေအနေနဲ့ ကျပ်သန်းပေါင်း ၁၈၈၄၆၅. ၉၁၁ သန်း ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ဌာနအဖွဲ့အစည်းများရဲ့ ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံတဲ့ စာရင်းမှာ သာမန်အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၂၇၅၈. ၅၅၈ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း ၂၁၇၂၀. ၅၄၅ သန်းဖြစ်တဲ့အတွက် စုစုပေါင်း ဖြည့်စွက်ခွင့်ပြုငွေတင်ပြတောင်းခံခြင်းသည်ကျပ်သန်းပေါင်း ၂၄၄၇၉. ၁၀၃ သန်းဖြစ်ကြောင်း လေးစားစွာ တင်သွင်းအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ ရေးဆွဲအကောင်အထည်ဖော်တဲ့နေရာမှာ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ရရှိသည့်ထောက်ပံ့ငွေအပေါ် မူတည်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ပြည်သူတို့၏လူမှုစီးပွားများကို တိုက်ရိုက်အကျိုးပြုမည့် ပြည်သူလူထုချက်ချင်းအကျိုးခံစားရမည့် Quick Win ရရှိမည့် လုပ်ငန်းများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် လျှပ်စစ်မီးလင်းရေးများအတွက် ဦးစားပေးဆောင်ရွက်ထားသည့်အပြင်ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ရေနုတ်မြောင်းများကောင်းမွန်ရေး၊ ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး ကြီးကြပ်ရေးလုပ်ငန်းများနှင့်အခြားစီမံအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များအား မျှတစွာလျာထားရေးဆွဲထားသည့် ဖြည့်စွက်ခွင့်ပြုငွေကျပ်သန်းပေါင်း ၂၄၄၇၉. ၁၀ သန်းအား ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။



D/real(wide) (2

**ဦးစိုင်းနု၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ်အစည်းအဝေးကို လွှတ်တော်ဥက္ကဋ္ဌ အမှူးပြုတဲ့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာရွှင်လန်းစွာဖြင့် တက်ရောက်လာကြတာတွေ့ရတဲ့အတွက် များစွာဝမ်းမြောက်ပါကြောင်းနဲ့ ရှေ့လျှောက်လည်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ ဥပဒေ(မူကြမ်း)အပေါ် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်သုံးသပ်ချက်အစီရင်ခံစာကို ကော်မတီရဲ့ ကိုယ်စားဖတ်ကြားသွားမှာဖြစ်ပါတယ်။

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ ဥပဒေ (မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီကစိစစ်သုံးသပ်ပြီးပြင်ဆင်ရန် အကြံပြုချက် တင်ပြသည့် အစီရင်ခံစာ**

**နိဒါန်း**

(၁) ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်(၁၂ ) ကြိမ်မြောက် ပုံမှန် အစည်းအဝေး၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးမှ ဖွဲ့စည်းပုံ အခြေခံ





ပြည်သူ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ထုတ်လုပ်ခြင်းနှင့် ဒေသရှိ တိုင်းရင်းဆေးများ၊ ဆေးပညာများ၊ ပညာရှင်များဖော်ထုတ်ပေးနိုင်ရန် ရည်ရွယ်၍ပြဋ္ဌာန်းနိုင်ရေး တင်ပြခြင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။

(၄) ဥပဒေ (မူကြမ်း)တွင် အခန်းပေါင်း ၁၁ ခန်း၊ ပုဒ်မပေါင်း ၁၉ ခုပါရှိပြီး ဤကော်မတီ၏ စိစစ်လေ့လာ သုံးသပ်ချက်အရ တည်ဆဲ တိုင်းရင်းဆေးဝါးဥပဒေနှင့် တိုင်းရင်းဆေးဝါးကော်မတီ ဥပဒေများနှင့် လိုက်လျောညီထွေမှုရှိစေရန် အသစ် ဖြည့်စွက်သင့်သည့် ပုဒ်မခွဲ ၂ ခု မူလ တင်ပြချက် အခန်း ၆၊၇ တို့မှာ ရှေ့နောက် ပြောင်းလဲသင့်သည်ကိုတွေ့ရပါသဖြင့် အခန်း ၆ အား အခန်း ၇၊ အခန်း ၇အား အခန်း ၆ ဖြင့် ပြင်ဆင်ရာ၌ မူလ ပုဒ်မ ၉သည် ပုဒ်မ ၈အဖြစ် လည်းကောင်း၊ မူလပုဒ်မ ၈ သည် ပုဒ်မ ၉ အဖြစ် ပြင်ဆင်ခြင်းအပါအဝင် တချို့ ပုဒ်မ၌တည်ဆဲ ဥပဒေနှစ်ရပ်၏ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီသည့် အရေးအသား ဖြည့်စွက်၍ ပြင်ဆင်ချက် ပေါင်း ၂၄ ရပ်ပြင်ဆင်သင့်ပါကြောင်း၊ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် အားလုံးက သဘောတူညီဆုံးဖြတ်ပြီးအစီရင်ခံစာကို ပြုစုတင်သွင်းရခြင်းဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြချက်အပိုင်းမှာ ဥပဒေ (မူကြမ်း) အပေါ်ပြင်ဆင်ရန် အကြံပြုချက် ၂၄ချက်နှင့် ပတ်သက်ပြီး

လွှတ်တော်ကိုယ်စားလှယ်ကြီးများ လေ့လာသိရှိနိုင်ရန်အတွက် တစ်ချက်ခြင်းအလိုက် အသေးစိတ် ရှင်းလင်းချက်များ၊ အကြံပြုချက်များ ဖြစ်သည့်ကာလပြဇယားများနှင့်အတူ ဖြန့်ဝေပေးထားပြီးဖြစ်သည့်အတွက် အချိန်ကိုငဲ့ကွက်သောအားဖြင့် အသေးစိတ် ရှင်းလင်း ဖတ်ကြားခြင်း မပြုတော့ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဆိုင်ရာ ဥပဒေ (မူကြမ်း)အပေါ် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် ၂၄ ချက်ကို ကန့်လန့်ဖြတ်ဇယားနှင့်ဖော်ပြထားပါသည်။ ၎င်းအချက်များကို တစ်ချက်ခြင်း စာမျက်နှာအလိုက် လွှတ်တော်ရဲ့ ဆန္ဒကိုရယူသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ စာမျက်နှာ ၁ မှာ ပါရှိတဲ့ အချက်ပေါင်း ၅ ချက်ကို တစ်ပြိုင်တည်းဖော်ပြမှာဖြစ်ပါတယ်။ အမှတ်စဉ်(၁) ၁၃၇၇ ခုနှစ် ပထမ ဝါဆိုလဆုတ် ရက်၊၂၀၁၅ခုနှစ်၊ ဇူလိုင်လ ရက်၊ အမှတ်စဉ်(၂)ယင်းစာသားတွင် ထည့်သွင်းဖော်ပြရန် မလိုအပ်တဲ့ ရှမ်းပြည်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။ အချက်(၃)တိုင်းရင်းဆေးဆရာဆိုသည်မှာ တိုင်းရင်းဆေးကောင်စီ



D/real(wide) (2



ဥပဒေပုဒ်မ ၁၈၈ ဇယား ၂ အပိုဒ် ၇ လူမှုရေးကဏ္ဍ အပိုဒ်ခွဲ(က)၌ဖော်ပြပါရှိသည့် လုပ်ပိုင်ခွင့်အရ တင်သွင်းလာသည့် ဥပဒေကြမ်း(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆ (ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ်ပေးလာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီကော်မတီ၏အစည်းအဝေးအမှတ် (၈/၂၀၁၅) ၄-၆-၂၀၁၅ မှ ၇-၆-၂၀၁၅ တွင် စိစစ်သုံးသပ် ဆွေးနွေး ညှိနှိုင်းကြပြီး ပြင်ဆင်ရန် ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစု တင်ပြအစီရင်ခံခြင်းဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

(၂) ဥပဒေမှ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား ၂၏ ညွှန်ပြချက် နှင့်အညီ တည်ဆဲ ဥပဒေနှစ်ရပ်ဖြစ်သည့် တိုင်းရင်းဆေးဝါးဥပဒေ (၁၉၉၆) နှင့် တိုင်းရင်းဆေးကောင်စီ ဥပဒေ (၂၀၀၀/၂၀၁၂) အပြင် ပြည်ထောင်စုက ချမှတ်ထားသည့် တိုင်းရင်းဆေးဝါးဆိုင်ရာ မူဝါဒများနှင့် မဆန့်ကျင်စေဘဲ ရှမ်းပြည်နယ် အတွင်းရှိ တိုင်းရင်းဆေးဆရာများ၊ ဆေးဝါးထုတ်လုပ်သူများလိုက်နာရန် ရေးဆွဲလာသည့် ဥပဒေဖြစ်ပါသည်။

(၃) ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းဆေးဆရာများက ဆေးဝါးကုသရာ၌လည်းကောင်း၊ ဆေးဝါးထုတ်လုပ်ရာ၌ လည်းကောင်း၊ကျင့်ဝတ် စည်းကမ်းများနှင့်စနစ်တကျ ဆေးကုသခြင်းနှင့်ဘေးဥပါဒ်ကင်းသော တိုင်းရင်းဆေးဝါးများကို အများ

ဥပဒေအရ အသိအမှတ်ပြု။ အချက် ၄ ကောင်စီဆိုသည်မှာ တိုင်းရင်းဆေးကောင်စီ ဥပဒေအရ။ အချက် ၅ ယခုဇယား(၂)(ဇ) အာဏာပိုင်ဟူသော စကားရပ်အဓိပ္ပါယ်ဖော်ပြရမည်ဖြစ်၍ ယခု (၂)(ဇ)မှာ အောက်ပါအတိုင်းဖော်ပြရပါမည်။ အာဏာပိုင်ဆိုသည်မှာ တိုင်းရင်း ဆေးဝါးဥပဒေပုဒ်မ ၄ အရဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်လို့ ပထမဦးစွာဒီအချက် ၅ ချက်ကို တင်ပြပါမည်။ ၎င်းပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်ဝန်ကြီးမှဆွေးနွေးဖို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပြင်ဆင်ချက်အပိုဒ် ၁ မှာပါတဲ့ ရက်စွဲကို ဒီနေ့ရက်စွဲ၌ ပြင်ဆင်ပါမယ်။ ကျန်တဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ချက်များကို သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင် ထားသည့်အချက်များကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်ကအတည်ပြုပါသည် )

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်သည့်အတွက် ပြင်ဆင်ချက်သည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

စာမျက်နှာ(၂)အမှတ်စဉ်(၆)(၇)(၈) ဖြစ်ပါတယ်။ အမှတ်စဉ်(၆)မှာပုဒ်မ ၂ (ဇ) အာဏာပိုင် စကားကို ဖြည့်စွက်ရသဖြင့် ယင်းပုဒ်မ ၂ (ဇ)ကို ယခုပုဒ်မ ၂ (ဈ)ဟု ပြောင်းလဲ၍ ကော်မတီဟုဆိုသော





စာမျက်နှာ(၃)(၄) အမှတ်စဉ် (၉)ဖြစ်ပါတယ်။ ယခင်၂(ည)သည် ယခု၂ (ဋ)ဖြစ်လာ၍တိုင်းရင်းဆေးဝါး ဆိုသည်မှာ ရောဂါရှာဖွေရန်၊ ကုသရန်၊ ကာကွယ်ရန် ပြည်တွင်းတွင်ဖော်ပြသည့် ဆန်၊ဆီ၊ဆေးဝါးပစ္စည်းကိုဆို သည်။ ဤပုဒ်မ ၂ တွင် မူလပုဒ်မခွဲ ၂ (ဈ)၊(၁)(ဇ)အစား ဖြည့်စွက်၂ (ဇ)အာဏာပိုင်ပါရှိလာ၍ ပုဒ်မ၂(ဇ)သည် ပုဒ်မ ၂ (ဈ)ဖြစ်လာသည်။ ပုဒ်မ ၂ (ဈ)သည် ပုဒ်မ ၂ (ည)အဖြစ်ပြောင်းလဲလာပါသည်။ ပုဒ်မ ၂ (ည)ပြီးလျှင် ဖြည့်စွက်ပုဒ်မသစ် ၂(ဋ)သည် အထူးကုဘာသာရပ်(၅)ရပ်ကိုဖော်ပြထား၍ မူလ ပုဒ်မ ၂ (ည) သည် ပုဒ်မ ၂ (ဋ) ဖြစ်လာပါသည်။ ပုဒ်မ ၂ (ဇ) မှာ ပုဒ်မ ၂ (ဈ)ဖြစ်လာပါမည်။ ပုဒ်မ ၂ (ဈ)မှာ ပုဒ်မ ၂ (ည)ဖြစ်လာပါမည်။ ပုဒ်မ ၂ (ည)မှာ ပုဒ်မ ၂ (ဋ)ဖြစ်လာပါမည်။ ပြောင်းလဲလာရခြင်းမှာ အထက်ဖော်ပြပါအတိုင်း ပုဒ်မ ၂(ဇ)ကို အာဏာပိုင် စကားရပ်ရှင်းလင်းခြင်း၊ ပုဒ်မ ၂ (ဋ)ကိုအထူးကုဘာသာရပ် စကားရပ် ရှင်းလင်းခြင်းများ ဖြည့်စွက်ရသည့်အတွက်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖြည့်စွက်ပုဒ်မ(၂)ခုတိုးလာပါသဖြင့် မူလပုဒ်မ ၂ (က)မှ (ဓ)ထိ၊ (ဓ)အစား ယခုပြင်ဆင်သည့်အခါ ပုဒ်မ ၂ (က)မှာ(ပ)ထိ ပြင်ဆင်ရန်ဖော်ပြပါမည်။ ၎င်းအချက်နှင့် ပတ်သက်၍ သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်မှ ဆွေးနွေးနိုင်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး**။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့် အချက်များကို သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်ကသဘောတူပါသည် )

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိသည့်အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ဤပြင်ဆင်ချက်သည်အတည်ဖြစ်သည့်အတွက် ၎င်းပြင်ဆင်ချက် သည် ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်းကြေညာပါသည်။

စာမျက်နှာ(၅)ပုဒ်မ အမှတ်စဉ် (၁၀)(၁၁)(၁၂)ဖြစ်ပါတယ်။ အမှတ်စဉ် (၁၀)မှာ ယခုပြင်ဆင်ချက်အရ ပုဒ်မ ၁ (ခ)ဖြစ်လာပြီး တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းဆောင်တာများဟူ၍ တစ်ချောင်းပုဒ် (ပုဒ်ထီး)ခြားပြီး ကို ဆိုသည်။ ယင်းစကားရပ်တွင်) ဟူသော စကားလုံးများကိုဖြုတ်၍ အဆင့်ဆင့်လုပ်ဆောင် ရသည့်လုပ်ငန်းများ အားလုံး(သို့မဟုတ်)စကားလုံးကိုဖြုတ်၍ "နှင့်"အဆင့် တစ်ခုခုဆောင်ရွက်ရခြင်းလည်းပါသည်။ သို့ရာတွင်- ------------များမပါဝင်ပါဟူ၍ တဆက်တည်း တဆက်တစပ်တည်းဟူ၍ ရေးသား ဖော်ပြသင့်ပါသည်။

အမှတ်စဉ် (၁၁) ခရိုင်တိုင်းရင်းဆေးမှူးတစ်ဦး၊ မြို့နယ် တိုင်းရင်းဆေးမှူးတစ်ဦးလို ဖော်ပြရပါမယ်။ အမှတ်စဉ်(၁၂) တိုင်းရင်းဆေးကုန်ကြမ်းပစ္စည်းများအား သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်း၍ ထိန်းသိမ်း စောင့်ရှောက်ခြင်းဆိုပြီးတော့မှ ဖော်ပြထား ပါသည်။ ၎င်းအချက်နှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးနိုင်ပါသည်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး**။ ဥပဒေပြုရေး ဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့်အချက်များကို သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်ကသဘောတူ ပါသည် )



D/real(wide) (2



စာသားကို ဆက်လက် ဖော်ပြရပါမည်။အမှတ်စဉ်(၇) ယခုပုဒ်မ ၂ (ည) ဟုဖော်ပြရပါမည်။ အမှတ်စဉ်(၈) ယခုပုဒ်မ ၂ (ဋ) အထူးဘာသာရပ် (၅)ရပ်စကားကို ဖြည့်စွက်ရသဖြင့် ယင်းပုဒ်မ ၂ (ဈ)သည် ယခုပုဒ်မ ၂ (ည)ဖြစ်လာ၍ ဤဖြည့်စွက်ချက်ကို ပုဒ်မ ၂ (ဋ)ဟုဖော်ပြရာတွင် ၂ (ဋ)အထူးကုဘာသာရပ်(၅)ရပ်ဆိုသည်မှာ-

(၁) ကလေးသူငယ်နာ
(၂) မီးယပ်သားဖွား
(၃) အနာပေါက်
(၄) အရိုးအကြော၊ လေငန်း
(၅) အထွေထွေဘာသာရပ်များဖြစ်ကြသည်။

**ဥက္ကဋ္ဌ**။ အမှတ်စဉ်(၆)မှ(၈)အထိ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး**။ ဥပဒေပြုရေး ဆိုင်ရာကော်မတီမှ ပိုမိုပြည့်စုံအောင် ပြင်ဆင် ဖြည့်စွက် ထားခြင်း ဖြစ်သည့်အတွက် ပြင်ဆင်ချက်ကိုသဘောတူပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင် ထားသည့် အချက်များကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က အတည်ပြု ပါသည် )

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့ သူမရှိသည့်အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်သည့်အတွက် ပြင်ဆင်ချက်သည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်းကြေညာပါသည်။

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။သဘောမတူတဲ့သူ မရှိသည့်အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်သည့်အတွက် ဤပြင်ဆင်ချက်သည် ဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါသည်။

စာမျက်နှာ (၆)ဖြစ်ပါတယ်။ အမှတ်စဉ် (၁၃)(၁၄)(၁၅)ဖြစ်ပါတယ်။ အမှတ်စဉ် (၁၃)မှာစိစစ်ဆောင်ရွက် သွားရမည်ဟုပြင်ထားပါသည်။ အမှတ်စဉ် (၁၄) ဤအခန်း ၆ သည် အခန်း ၇၏ နောက်၌ဖော်ပြသင့်ပြီး အခန်း ၇ ကိုအခန်း ၆အဖြစ်ဖော်ပြသင့်ပါသည်။ ရှေ့နောက်အထားအသိုပြောင်းဖော်ပြခြင်းဖြင့် မူလ အခန်း ၇ သည် တိုင်းရင်းဆေးဆရာများ လိုက်နာကျင့်သုံးရမည့် အချက်ဖြစ်၍ မလိုက်နာပါက သက်ဆိုင်ရာမှ အရေးယူပြီး ချမှတ်သည့် အမိန့်ကို အယူခံဝင်ရောက်ခြင်း၊ မူလအခန်း ၆ ကို နောက်သို့ရွှေ့၍ပြဋ္ဌာန်းပါက ပိုမိုဆီလျော်မှုရှိပါမည်။

အမှတ်စဉ်(၁၅) ယခုအခန်း ၆ ပုဒ်မ ၈ အဖြစ် ပုဒ်မခွဲ (က)မှ (ဆ)အထိ ဖော်ပြရပါမည်။ ဖော်ပြရာတွင် အောက်ပါ အတိုင်း အချည်းစာသားကို ထည့်သွင်း၍ ပုဒ်မခွဲများကို ဆက်လက်ရေးသင့်ပါသည်။ ပုဒ်မ ၈ တိုင်းရင်းဆေး ဆရာများသည် အောက်ဖော်ပြပါ ကျင့်သုံးရမည့် အချက်များကို လိုက်နာရမည်။ (က)မှ (ဆ)အထိ ဆက်လက်ရေးထားပါသည်။ အမှတ်စဉ် (၁၃)(၁၄)(၁၅)နှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးနိုင်ပါသည်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး**။ ဥပဒေပြုရေး ဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူပါတယ်ခင်ဗျား။



D/real(wide) (2



မပြုလုပ်ရန်ပြင်ဆင်သင့်ပါသည် ဆိုပြီးတော့ ပြင်ဆင်ထားပါသည်။ သို့ဖြစ်ပါ၍အမှတ်စဉ်(၁၆)(၁၇)(၁၈)နှင့်စပ်လျဉ်းပြီးသက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးနိုင်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး**။ ပြင်ဆင်ချက်ကို သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင် ထားသည့် အချက်များကို လွှတ်တော်ကသဘောတူပါ သလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်ကသဘောတူပါသည် )

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိသည့်အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်သည့်အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါသည်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်အမှတ်(၂)**။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဒီအမှတ်စဉ် (၁၈)၊ ပုဒ်မ ၁၀ မှာ အခြားသော ဆေးပညာနှင့် ခွင့်ပြုမိန့်အရ ဆေးကုသ သူတို့၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြောဆိုမှု ဟောကြားမှုများ မပြုရဆိုတဲ့ နေရာမှာ ပြောဆိုမှု၊ ဟောကြားမှု၊ ရေးသားမှုများမပြုရဟု ပြင်ဆင် သင့်တယ်လို့ထင်ပါတယ်။ ရေးသားမှုဆိုတာကို ဖြည့်စွက် သင့်တယ်လိုထင်ပါတယ်။

**ဥက္ကဋ္ဌ**။ အခြားသော ဆေးပညာနှင့် ခွင့်ပြုမိန့်အရ ဆေးကုသ သူတို့၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ပြောဆိုမှု ဟောကြားမှုများ မပြုရဆိုတဲ့နေရာမှာ ပြောဆိုမှု၊ ဟောကြားမှု၊ ရေးသားမှုများ မပြုရဟုပြင်သင့် ပါသည်ဆိုတာကို ဘယ်လိုပြင်ချင်ပါ သလဲ။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်အမှတ်(၂)**။ ရေးသားမှုလို့ ဖြည့်စွက်ချင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ပုဒ်မ ၁၀(ဇ)အခြားသောဆေးပညာနှင့်ခွင့်ပြုမိန့် အရ ဆေးကုသသူတို့၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ပြောဆိုမှု၊ ရေးသားမှု၊ ဟောကြားမှုများ မပြုလုပ်ရဟု ပြင်ဆင်သင့်ပါသည်နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှဆွေးနွေးနိုင်ပါတယ်။ ဒေါ်နန်းခမ်းအေးကရေးသားမှုကို ဖြည့်စွက်ထားပါတယ်။

**ဦးမောင်မောင်၊ဥပဒေချုပ်**။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့လေးစားစွာ တင်ပြလိုပါတယ်။ ကိုယ်စားလှယ်ကြီး အကြံပြုချက်လက်ခံသင့်ပါတယ်။ ဝေါဟာရတွေ ကျုံ့လိုက်ပြီး ပြောဆို ဟောကြားမှုနဲ့ရေးသားမှု မပြုရဟု ပြင်ဆင်သင့်ပါတယ်။ ပြောဆိုမှု၊ ဟောကြားမှုကို မခွဲဘဲ ပြောဆိုဟောကြားမှု တစ်ခုနှင့် ရေးသားမှုများ မပြုရဟု ပြင်ဆင်လိုက်လျှင်အဆင်ပြေမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ပုဒ်မ ၁၀ မှာ အခြားဆေးပညာနှင့် ခွင့်ပြုမိန့်ရ ဆေးကုသ သူတို့၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြောဆိုမှု၊ ဟောကြားမှုနှင့်ရေးသားမှုများမပြုလုပ်ရ ဟုပြင်သင့်ပါသည်ဟု ဖော်ပြထားပါတယ်။ ၎င်းအချက်နှင့် စပ်လျဉ်းပြီး လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်ကသဘောတူပါသည် )

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိသည့်အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်သည့်အတွက် ဤပြင်ဆင်ချက်သည့် ဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါတယ်။





**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင် ထားသည့်အချက်များကို သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်ကသဘောတူပါသည် )

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။သဘောမတူတဲ့သူ မရှိသည့်အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်သည့်အတွက် ပြင်ဆင်ချက်သည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်းကြေညာပါသည်။

**ဥက္ကဋ္ဌ**။ စာမျက်နှာ(၇)အမှတ်စဉ်(၁၆)(၁၇)ဖြစ်ပါတယ်။ အမှတ်စဉ် (၁၆)မှာ ပုဒ်မ ၈(င) တိုင်းရင်း ဆေးဆရာများ၏ ရှေးအစဉ်အဆက်က ကျင့်သုံးလာသည့် နဝရတ် ကတိသစ္စာကို လိုက်နာစောင့်ထိန်း ရမည်ဟု ဖော်ပြရမည်။ အမှတ်စဉ် (၁၇) ယခုအခန်း (၇)အယူခံခြင်း ပုဒ်မ ၉ (က)(ခ)(ဂ)ဟုပြင်ဆင်ရေးပြီးအောက်ပါအတိုင်း ဖော်ပြရပါမည်။ ပုဒ်မ ၉(က)တိုင်းရင်းဆေးဆရာများမှတ်ပုံတင်ခြင်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း နှင့်စပ်လျဉ်း၍ကော်မတီက တည်ဆဲဥပဒေများနှင့်အညီချမှတ်ထားသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များကို မကျေနပ်သူသည် လက်ခံရရှိသည့်နေ့မှစတင်၍ ရက်ပေါင်း ၃၀ အတွင်း တည်ဆဲ ဥပဒေပါ သတ်မှတ်ချက်များ နှင့်အညီ အယူခံနိုင်သည်။ (ခ)အထက်ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များကို အယူခံရုံးတွင် အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း အမိန့်ချမှတ်နိုင်သည်။ (ဂ)အယူခံရုံး၏အမိန့်သည် အပြီးအပြတ်ဖြစ်စေရမည်။ ပုဒ်မ ၁၀(ဇ) အခြားဆေးပစ္စည်းနှင့် ခွင့်ပြုမိန့်ရ ဆေးကုသ သူတို့၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် အပြောအဆို၊အပြုအမူ ဟောကြားမှုများ

**ဦးကြွယ်ကြွယ်၊ တရားသူကြီးချုပ်။** ပုဒ်မ ၉(က)ကို တင်ပြလိုပါတယ်။ စာမျက်နှာ(၇)၊ အမှတ်စဉ် (၁၇) ပုဒ်မ ၉(က)ကို တင်ပြချင်ပါတယ်။ ပြင်ဆင်တဲ့ ပုဒ်မ ၉(က)မှာ တိုင်းရင်းဆေး ဆရာများမှတ်ပုံတင်ခြင်းနဲ့ တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်းပြီး ကော်မတီက တည်ဆဲဥပဒေများနှင့်အညီ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် လက်ခံ ရရှိသည့် နေ့မှစတင်၍ ရက်ပေါင်း ၃၀ အတွင်း တည်ဆဲဥပဒေ သတ်မှတ်ချက်နှင့်အညီ အယူခံနိုင်သည်။ ကော်မတီက တည်ဆဲ ဥပဒေများနှင့်အညီ ချမှတ်တဲ့ အမိန့်လို့ ပါပါတယ်။ ကော်မတီက တည်ဆဲဥပဒေနှင့်မညီ ချမှတ်တဲ့ အမိန့်ကို အယူခံခွင့်မရှိဘူးလို့ သက်ရောက်သွားနိုင်တယ်။ ကော်မတီကတည်ဆဲဥပဒေများနှင့်အညီ ဆိုတဲ့ဟာကမလိုအပ်ဘဲပါနေတဲ့အတွက် ပြဿနာတက်တယ်။ ချမှတ်သော အမိန့်ဆိုရင်လုံလောက်ပါတယ်။ ဒီအမိန့်ဟာဥပဒေနှင့် ညီချင်ညီမယ်။ မညီချင် မညီဘူး။ အယူခံတဲ့အခါကျရင် ဥပဒေနှင့် မညီ ရင်ဒါကို ပယ်ဖျက်မှာဖြစ်ပါတယ်။ ဥပဒေနှင့်ညီရင် အတည်ပြုမှာဖြစ်ပါတယ်။ တည်ဆဲဥပဒေများနှင့်အညီဆိုတဲ့ စကားလုံးဟာ အယူအဆ လွဲသွားနိုင်တယ်။ ဥပဒေနဲ့ညီရင်တော့ အယူခံနိုင်တယ်။ မညီရင်တော့ အယူမခံနိုင်ဘူးဆိုရင်တော့ ကျွန်တော်တို့ ရည်ရွယ်ချက်နဲ့ ဆန့်ကျင်ဘက်ဖြစ်သွား နိုင်တယ်။ ကျေးဇူးတင်ပါတယ်။

တည်ဆဲဥပဒေများနှင့်အညီဆိုတာကို ဖြုတ်ဖို့ လိုအပ် ပါမယ်။ ချမှတ်သောအမိန့်ဆိုရင် လုံလောက်ပါတယ်။ကော်မတီက ချမှတ်သော အမိန့်ဆိုရင်လုံလောက်ပါတယ်။ ပြန်ပြင်မယ် ဆိုရင်တော့ တိုင်းရင်းဆေး ဆရာများ မှတ်ပုံတင်ခြင်းနှင့် တိုင်းရင်း ဆေးဝါးထုတ်လုပ်ခြင်းနှင့်စပ်လျဉ်းပြီးကော်မတီကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် လက်ခံ





**ဦးမောင်မောင်၊ ဥပဒေချုပ်။** ဥက္ကဋ္ဌကြီးခင်ဗျား။ လေးစားစွာ တင်ပြလိုပါတယ်။ တရားသူကြီးချုပ်ပြောထားတဲ့ အကြံပြုချက်က မှန်ပါတယ်။ တည်ဆဲဥပဒေများဆိုတာ Existing Law လို့ခေါ်ပါတယ်။ Existing Law မှာ မြန်မာ ပြည်မှာ ၄၀၀ ကျော်နေပါပြီ။ ဒီဥပဒေနဲ့သွားပြီးသက်ဆိုင်တယ်လို သဘောရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေဖတ်တဲ့ လူက ရှင်းလင်းအောင် တည်ဆဲဥပဒေများနှင့်အညီ ချမှတ်သောဆိုတာကို ဖြုတ်ဖို့လို ပါတယ်။ အဲဒါဆိုရင် ဥပဒေအားလုံး နဲ့ သွားဆိုင်မှာ ဖြစ်ပါတယ်။ ချမှတ်တဲ့ အမိန့်ဆိုရင် အားလုံးဒီဥပဒေမှာရေးသား ထားတဲ့ ပြဋ္ဌာန်းထားတဲ့ အမိန့်ဖြစ်တဲ့ အတွက်ကြောင့် ဥပဒေနှင့် သက်ဆိုင်တဲ့ ကိစ္စရပ်တွေ ပါဝင်မှာဖြစ်ပါတယ်။ မဆိုင်တဲ့ကိစ္စက ကျွန်တော်တို့ ထည့်သွင်း စဉ်းစားစရာမလိုဘူး။ အခုလို သဘောမျိုး ရရှိပါတယ်။ ဒါကြောင့်မို့ စပ်လျဉ်းပြီးကော်မတီက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည် လက်ခံ ရရှိသည့်နေ့မှစတင်၍ ရက်ပေါင်း ၃၀အတွင်း သတ်မှတ်ချက် များနှင့်အညီ အယူခံနိုင်သည်။ တည်ဆဲဥပဒေနှင့်အညီဆိုတာကို ဖြုတ်ထားနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေချုပ်ရဲ့ အကြံပေးချက်မှာ မကျေနပ်သူသည် လက်ခံရရှိသည့် နေ့မှ စတင်၍ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်ဆိုပြီးတော့ ဆိုလို ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီကနေ ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနုံ၊ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတိုင်းရင်းဆေး ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ကော်မတီကနေပြီးတော့ အစည်းအဝေးထိုင်တဲ့ နေရာမှာ



D/real(wide) (2

တွေ့ရှိရတာက အဆိုတင်သွင်းလာတဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အစီရင်ခံတဲ့ထဲမှာပါပြီးဖြစ်ပါတယ်။ လေ့လာကြည့်တဲ့အခါမှာ တည်ဆဲဥပဒေ ၂ ရပ်ဖြစ်တဲ့ တည်ဆဲဥပဒေတို့မှာ ပါရှိပါတယ်။ တည်ဆဲ ဥပဒေ နှစ်ရပ်ဖြစ်တဲ့ တိုင်းရင်းဆေးဝါး ဥပဒေ (၁၉၉၆) နဲ့ တိုင်းရင်းဆေးကောင်စီဥပဒေ (၂၀၀၀၊ ၂၀၁၂)ကို အခြေခံလေ့လာပြီးတော့ ဥပဒေကြမ်းကို တည်းဖြတ် အကြံပြုပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဲသည် ၂ ခုပေါ်မှာ အခြေခံ ပြီးတော့ တိုင်းရင်းဆေးဆရာများ မှတ်ပုံတင်ခြင်းနှင့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်းပြီးကော်မတီက တည်ဆဲဥပဒေများနှင့်အညီ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ် သူသည် လက်ခံရရှိသည့်နေ့မှစတင်၍ ရက်ပေါင်း ၃၀ အတွင်း တည်ဆဲဥပဒေပါ သတ်မှတ်ချက်နှင့်အညီ အယူခံနိုင်သည်လို့ ပြင်ဆင်အကြံပြုထားခြင်း ဖြစ်ပါတယ်။ တည်ဆဲဥပဒေနှစ်ရပ်ကို အခြေခံပြီးတော့ပြင်ဆင်အကြံပြုထားခြင်း ဖြစ်ပါတယ်။ သို့သော်လည်းဘဲ ဥပဒေပညာရှင်များဖြစ်ကြတဲ့ ပုဂ္ဂိုလ်ကြီးများက အကြံပြုဆွေးနွေးထားတဲ့အတိုင်း တည်ဆဲဥပဒေများဆိုတဲ့ စကားလုံးကို ထုတ်နှုတ်ထားခြင်းအားဖြင့် ကျွန်တော်တို့ မူရင်းအဓိပ္ပါယ် ပျောက်ပျက် မသွားဘဲနဲ့ အမှန်တကယ်အသုံးတည့်မည့် ဥပဒေဖြစ်လာမယ်ဆိုရင်လည်းဘဲ ဥပဒေကြမ်း ကော်မတီပြုရေး ဆိုင်ရာကော်မတီအနေနဲ့ အထူးဆွေးနွေးရန်မရှိကြောင်းတင်ပြအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ဥပဒေပြုရေးဆိုင်ရာကော်မတီကလည်းပဲ ဥပဒေပညာရှင်တွေရဲ့ ပြင်ဆင် ထားတဲ့အချက်ကို သဘောတူလက်ခံတဲ့အတွက် ဒီစာသားကို ထပ်မံဖတ်ပြပါ့မယ်။ "တည်ဆဲဥပဒေများနှင့်အညီ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို



D/real(wide) (2



ရရှိသည့် နေ့မှစတင်၍ ရက်ပေါင်း ၃၀ အတွင်း တည်ဆဲဥပဒေပါ သတ်မှတ်ချက်နှင့်အညီ အယူခံ နိုင်သည်ဆိုရင် လုံလောက်ပါတယ်။ တည်ဆဲဥပဒေနှင့်အညီ ဆိုတဲ့ စကားလုံးကို ဖြုတ်ဖို့လိုအပ်ပါတယ်။

**ဒေါ်အေးချိုစိန်၊ ဖယ်ခုံမဲဆန္ဒနယ်အမှတ်(၁)**။ လေးစားအပ်သော ဥက္ကဋ္ဌကြီးရှင်၊ ကျွန်မတို့ အနည်းငယ်ဆွေးနွေးချင်ပါတယ်။ ဘာကြောင့် တည်ဆဲဥပဒေများနှင့်အညီလို့ ချမှတ်သလဲဆိုရင် တိုင်းရင်းဆေးဝါးကောင်စီကနေ ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေရှိပါတယ်။ ဒါကြောင့် ယင်းတည်ဆဲဥပဒေကို ရည်ညွှန်းပြီး တည်ဆဲ ဥပဒေနှင့်အညီဆိုပြီးဖော်ပြခြင်းဘဲဖြစ်ပါတယ်။

**ဦးကြွယ်ကြွယ်၊ တရားသူကြီးချုပ်**။ ဥပဒေနှင့်အညီဆိုလျှင် အယူခံရင်လဲဒီအမိန့်ဘဲဖြစ်မှာပါ။ ဥပဒေနှင့်မညီမှသာလျှင် အပေါ်အယူခံရုံးအနေနဲ့ပယ်ဖျက်နိုင်မှာ။ ဒါကြောင့် ဥပဒေနှင့်အညီလို့ ရေးသားထားခြင်းဟာ မညီတဲ့ အမိန့်ကိုတော့ တက်လိုမရဘူးဆိုတဲ့ သဘောသက်ရောက်သွားပါတယ်။

**ဦးစိုင်းခမ်းမှတ်၊ ဒုတိယဥက္ကဋ္ဌ**။ ယခုကိစ္စသည် စာသားအထားအသိုကိစ္စဘဲ ဖြစ် ပါတယ်။ အဲဒီမှာ တည်ဆဲဥပဒေနှင့်အညီ အမိန့်ချတာမဟုတ်ပါဘူး။ အယူခံတာကို သတ်မှတ်ချက် တည်ဆဲဥပဒေနှင့်အညီ အယူခံခြင်းဖြစ်ပါတယ်။ အဲဒါကိုဆိုလိုခြင်းဖြစ်တယ်လို့ယူဆပါတယ်။

**ဥက္ကဋ္ဌ**။ စာသားမှာ ဘယ်လိုပြင်မလဲ။ ဘယ်လိုဖြည့်စွက်ချင်သလဲဆိုတာကိုပြောပါ။

**ဦးစိုင်းခမ်းမှတ်၊ ဒုတိယဥက္ကဋ္ဌ**။ ဒီအတိုင်းဘဲထားသင့်ပါတယ်။

မကျေနပ်သူသည် လက်ခံရရှိသည့်နေ့မှ စတင်၍ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့် အညီအယူခံနိုင်သည်” လို့ သဘောတူ ရမှာဘဲဖြစ်ပါတယ်။

**ဦးကြွယ်ကြွယ်၊ တရားသူကြီးချုပ်**။ ဒီမှာကျွန်တော်တို့ ပထမအရေးကြီးဆုံးက တည်ဆဲ ဥပဒေများနှင့် အညီ ချမှတ်သော အမိန့်ဆိုတဲ့နေရာမှာ တည်ဆဲဥပဒေများနှင့် အညီဆိုတာကို ဖယ်ထုတ်မှရပ့ါမယ်။

**ဥက္ကဋ္ဌ**။ ဖယ်ထုတ်ပ့ါမယ်။

**ဦးကြွယ်ကြွယ်၊ တရားသူကြီးချုပ်**။ ပထမအပိုင်းမှာ ဆေးဝါး ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်းပြီးကော်မတီက တည်ဆဲ ဥပဒေများနှင့် အညီဆိုတဲ့ စကားလုံးဖယ်ထုတ်မှ “တည်ဆဲ ဥပဒေ များနှင့် အညီဆိုတဲ့စကားလုံးထုတ်ပြီးမှ ချမှတ်သောအမိန့်ဆို လုံလောက်ပါပြီ။” ကော်မတီကချမှတ်သော အမိန့်ဆို လုံလောက် ပါတယ်။

**ဥက္ကဋ္ဌ**။ မကျေနပ်သူသည် လက်ခံရရှိသည့်နေ့မှ စတင်၍ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့် အညီအယူခံနိုင်သည်လို့ ကျွန်တော်ပြင်မှာ ဖြစ်ပါတယ်။

**ဦးစိုင်းနု၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ**။ လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ တိုင်းရင်းဆေးဆရာ များ မှတ်ပုံတင်ခြင်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ “ကော်မတီက သတ်မှတ်ချက်နှင့်အညီ၊ ကော်မတီချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ် သူသည် လက်ခံရရှိသည့်နေ့မှစတင်၍



D/real(wide) (2



**ဥက္ကဋ္ဌ**။ ဟုတ်ကဲ့ရှင်းပါ။

**ဦးမောင်မောင်၊ ဥပဒေချုပ်**။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဤကိစ္စရပ်မှာ ရေးထုံးဖြစ်ပါတယ်။ ရေးသားတဲ့ အရေးအသား အသုံးအနှုန်း ဖြစ်ပါတယ်။ သတ်မှတ်ချက်များနှင့် အညီဆိုတာ ယခု မသတ်မှတ်သေးပါ။ ဒီလွှတ်တော်ဥပဒေက၊ လွှတ်တော် ကနေ အတည်ပြုထားတဲ့ ဥပဒေပေါ်မှာမှ နည်းဥပဒေဆွဲရမှာဖြစ်ပါတယ်။ နည်းဥပဒေမှာ အယူခံခြင်း အခန်းကဏ္ဍမှာ အခန်းတစ်ခန်းချင်းစီ ရှိပါတယ်။ အဲဒီ အခန်းမှာမှ ဘယ်လိုသတ်မှတ်ရမလဲ။ ဘယ်လို အယူခံနိုင်တယ်ဆိုတာ အယူခံနဲ့ ပတ်သက်ပြီးတော့ အသေးစိတ် ပြဋ္ဌာန်းမှာ ဖြစ်ပါတယ်။ ဥပဒေဆိုရင် ပြဋ္ဌာန်းမှာဆိုရင် နည်းဥပဒေမှာ ပြဋ္ဌာန်းထားမှာဖြစ်ပါတယ်။ ဥပဒေကြီးတွင် ထည့်လိုက်လျှင် ဆီလျော်မှုမရှိတဲ့အတွက်ကြောင့် သတ်မှတ်ချက် များအညီ ဆိုပြီးတော့ ရေးသားထားတာ ဖြစ်ပါတယ်။ သတ်မှတ်ချက်များနှင့်အညီဆိုရင် ပိုပြီးတော့ အဆင်ပြေမှာဖြစ် ပါတယ်။ ဒီဥပဒေမှာက မသတ်မှတ်သေးဘူး။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ အပိုဒ် ၁၇ ကို ပြန်လည်တင်ပြပါမယ်။ ပုဒ်မ ၉(က)ကို ယခုအကြိမ် နောက်ဆုံး အတည်ပြုနိုင် ရင်တော့ အဆင်ပြေပါတယ်။ တိုင်းရင်းဆေးဆရာများ မှတ်ပုံတင်ခြင်းနှင့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီက “ကော်မတီချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ် သူသည် လက်ခံ ရရှိသည့် နေ့မှစတင်၍ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အယူခံ နိုင်သည်”လို့ ဥပဒေပညာရှင်များက အကြံပြုထားပါတယ်။

ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီအယူခံနိုင်သည်” ဟုပြင်မှာ ဖြစ်ပါတယ်။

သဘောတူပါသလားခင်ဗျား။ဆွေးနွေးစရာရှိသေးလား။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေ မူကြမ်းတစ်ခုလုံးအား ပြည်နယ်လွှတ်တော်က အတည်ပြုပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးကအဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနု၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ**။ ဤပြင်ဆင်ချက်များနှင့် ပတ်သတ်ပြီး လွှတ်တော် ကိုယ်စားလှယ်များ ပိုပြီးတော့ ကျယ်ကျယ် ပြန့်ပြန့် သိရှိသွားနိုင်အောင် ဥပဒေပညာရှင်များ တင်ပြသွားတဲ့ အကြံပြုသွားတဲ့ အပေါ်ပိုင်းက တိုင်းရင်းဆေးဆရာများမှတ်ပုံတင်ခြင်းနှင့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်းပြီး ကော်မတီကပြင်ဆင်ထည့်ထားတာက တည်ဆဲဥပဒေများ နှင့်အညီဆိုတာကို ဖြုတ်တာတော့ဟုတ်ပါပြီ။ တိုင်းရင်းဆေးကော်မတီက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် လက်ခံရရှိသည့် နေ့မှစတင်၍ ရက်ပေါင်း ၃၀ အတွင်း သည်နေရာမှာ တည်ဆဲ ဥပဒေပါ သတ်မှတ်ချက် နှင့်အညီ အယူခံနိုင်သည် ဆိုတာကို ထည့်လိုက်ခြင်းအားဖြင့် ပိုမိုပြည့်စုံမည်လို့ ယူဆပါတယ်။ တည်ဆဲဥပဒေနှင့် ချမှတ်သောအမိန့် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ။ အယူခံတာကတော့ တည်ဆဲဥပဒေဘောင်အတွင်းမှာ အယူခံဝင်နိုင်တယ်ဆိုတဲ့ သဘောလည်းသက်ရောက် သွားမလားလို့ ယူဆပါတယ်။ ဒါကြောင့် အနည်းငယ်ရှင်းလင်းပေးစေချင်ပါတယ်။





ဒီအကြံပြုထားတဲ့အတိုင်းလွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးရန်ရှိကဆွေးနွေးနိုင်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့ ဆွေးနွေးဖို့ရှိပါသလား။

**ဒေါ်အေးချိုစိန်၊ ဖယ်ခုံမဲဆန္ဒနယ်အမှတ်(၁)**။ လေးစားရတဲ့ ဥက္ကဋ္ဌကြီးရှင်၊ ဥပဒေပညာရှင်များ ကနေ အကြံပြုဆွေးနွေးကြတဲ့အခါမှာ တည်ဆဲဥပဒေပါဆိုတာက နိုင်ငံတော်ဆေးဝါးထုတ်လုပ်မှု ဥပဒေနဲ့ နိုင်ငံတော်ဆေးကောင်စီက ပြည်ထောင်စုဥပဒေပြုစာရင်းထဲမှာပါနေပါတယ်။ ဒါကြောင့် ပြည်ထောင်စု ဥပဒေကို ကျော်လွန်လို့ မဖြစ်တဲ့ အတွက်ကြောင့် ဥပဒေကို ညွှန်းပြီးတော့ တည်ဆဲဥပဒေပါဆိုတာကို ထည့်ခြင်းဘဲဖြစ်ပါတယ်။ ဒါကြောင့် ကော်မတီကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် လက်ခံ ရရှိသည့် နေ့မှစတင်၍ ရက်ပေါင်း ၃၀ အတွင်း တည်ဆဲဥပဒေပါ သတ်မှတ်ချက်နှင့်အညီ အယူခံနိုင်သည် ဆိုတာကိုတော့ ဖြည့်စွက်ချင် ပါတယ်။ ဥပဒေချုပ်ပြောသလိုပါဘဲ။ သတ်မှတ်ချက် မရှိသေးဘူးဆိုတာကို ဘာညွှန်း သလဲဆိုတာ ဥပဒေနှစ်ရပ်ကို ညွှန်းပြီးတော့ ဖော်ပြတဲ့ အတွက်ကြောင့် သင့်တယ်၊မသင့်ဘူးဆိုတာကို ထပ်မံ အကြံပြုပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမောင်မောင်၊ ဥပဒေချုပ်**။ ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဇယား၂ မှာပါတဲ့ ကိစ္စရပ်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်ကို တင်ပြတဲ့အခါမှာ စဉ်းစားဝေဖန်မှု၊ စိစစ်မှုတွေ အများကြီးလုပ်ခဲ့ရပါတယ်။ ဇယား ၂ ပါတဲ့ ပြဋ္ဌာန်းရမဲ့ ဥပဒေပြဋ္ဌာန်းချက်ဟာ ဇယား ၁ မှာရှိတဲ့ ဥပဒေပြဋ္ဌာန်းချက်ကို လွှမ်းမိုးမှု မရှိ၊ ထိခိုက်မှု မရှိ၊ ဆန့်ကျင်မှု မရှိ စသည့် အချက်တွေနဲ့ စိစစ်ပြီးတော့မှ အစိုးရအဖွဲ့မှာတင်ပြပြီးတော့မှ



D/real(wide) (3

အတည်ပြုချက်ရယူထားတာဖြစ်ပါတယ်။ မူအားဖြင့်ကြည့်မည်ဆိုလျှင် မှန်ပါတယ်။ ပြည်ထောင်စု ဝန်ကြီးဌာနမှ စီမံခန့်ခွဲတဲ့ ဥပဒေ မရရှိပါဘူး။ စီမံခန့်ခွဲတဲ့ ဥပဒေနှစ်ရပ်က သီးခြားသွားပါတယ်။ ပြဋ္ဌာန်း ရတဲ့ ဥပဒေကလည်း ပြည်နယ်အတွင်းမှာ သီးခြားပြဋ္ဌာန်းတာဖြစ်ပါတယ်။ ပြည်နယ်အတွင်းမှာ အာဏာသက်ရောက်မှုဖြစ်ပါတယ်။ အာဏာသက်ရောက်မှုဟာ ပြည်ထောင်စုဝန်ကြီးဌာနက အာဏာသက်ရောက်တဲ့ ဥပဒေများနှင့် သက်ဆိုင်မှုမရှိ ဆန့်ကျင်မှုမရှိ သီးခြားဆောင်ရွက်တာဖြစ်ပါတယ်။ ပြဋ္ဌာန်းတာဖြစ် ပါတယ်။ ရည်ညွှန်း ကိုးကားမယ်ဆိုလျှင် ဥပဒေတွေဟာရောထွေးဆက်သွယ်ဖြစ်နိုင်တဲ့ အတွက်ကြောင့် ပြည်နယ်အတွင်းမှာ သက်ဆိုင်တဲ့ ဥပဒေကဏ္ဍကိုဘဲ သီးခြားဖော်ပြတာဖြစ်ပါတယ်။ သီးခြား ဖော်ပြရင် ကောင်းပါတယ်။ မကြာခင်ကပြဋ္ဌာန်းထားတဲ့ လျှပ်စစ်ဥပဒေဆိုတာကိုလျှပ်စစ်ဥပဒေဟာ ပြည်ထောင်စုဥပဒေအရ ပြဋ္ဌာန်းထားပါတယ်။ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်းဒေသနဲ့ ပြည်နယ်မှာလည်းဘဲလျှပ်စစ် ဥပဒေကို(၃၀)မဂ္ဂါဘိုက် အထိ ပြဋ္ဌာန်း ထားပါတယ်။ဒါကို ဥပဒေကြမ်းရေးဆွဲထားပါတယ်။ ဥပဒေကြမ်းရေးဆွဲ တဲ့အခါမှာ တိုင်းတာတဲ့ မီတာဘောက်ထဲကို ဘောင်ဝင်အောင်ဆောင်ရွက်ပါတယ်။ ဥပဒေကြီးကိုထိခိုက်မှု မရှိဘူး။ ထိုဥပဒေကိုလည်း သွားပြီးတော့ရည်ညွှန်းမှုမရှိပါဘူး။ဒါကို သတိထားပြီး တင်ပြမှာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေနှစ်ရပ် ယှဉ်တဲ့အခါမှာ ပြည်ထောင်စုဥပဒေနှင့် ပြည်နယ်တိုင်းဒေသကြီး ဥပဒေယှဉ်တဲ့အခါမှာ ပြည်နယ်၊ တိုင်းဒေသကြီးဥပဒေကို သွားပြီးတော့လွှမ်းမိုးမှုမရှိအောင် ပြဋ္ဌာန်းချက်တွေကို ထည့်သွင်းဆောင်ရွက်ခြင်းမရှိဘူး။ ပြဋ္ဌာန်းခြင်းမရှိဘူးဆိုတာကို တင်ပြရှင်းလင်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။



D/real(wide) (3



ပေးပို့ တင်ပြထားပြီး ဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ၊ ပထမနေ့မှာဘဲ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ပြန်လည် ပြင်ဆင်ချက် ဖြည့်စွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုပြီးဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရှမ်းပြည်နယ် တိုင်းရင်းဆေး ဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဆိုင်ရာ ဥပဒေအား အတည်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ် လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် တိုင်းရင်းဆေး ဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က သဘောတူပါသည် )

လွှတ်တော်ကသဘောတူသည့်အတွက် ရှမ်းပြည်နယ် တိုင်းရင်းဆေး ဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

# ရှမ်းပြည်နယ်လွှတ်တော်
# အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ပထမနေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၉ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပသွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါမည်ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် ဗုဒ္ဓဟူး နေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် ဆက်လက် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (3



**ဥက္ကဋ္ဌ**။ ဥပဒေပြုရေးဆိုင်ရာကော်မတီက ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းနေ၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ**။ အထူး ဆွေးနွေးရန် မရှိပါ။ အခုရှင်းလင်းပြသွားတဲ့ ဥပဒေပညာရှင်ကြီးများကို လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ကိုယ်စား ကျေးဇူး တင်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ဥပဒေပညာရှင်များဖြစ်ကြတဲ့ တရားသူကြီးချုပ်နဲ့ ဥပဒေချုပ်တို့ ပြင်ဆင်ထားတဲ့ အတိုင်းဘဲ လက်ခံလိုက်ပါမယ်။ လွှတ်တော် ဆန္ဒမခံယူတော့ပါ။

**ဥက္ကဋ္ဌ**။ အစီအစဉ်အရ ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ ဆိုင်ရာ ဥပဒေမူကြမ်း တစ်ခုလုံးအား ပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးမှ အဆိုပြုတင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး**။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုမွန်ကောင်းတောင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှာ ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ ဆိုင်ရာ ဥပဒေကြမ်းကို လိုအပ်သလိုဆောင်ရွက်နိုင်ပါရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ

# ရှမ်းပြည်နယ်

# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

# အရေးပေါ်အစည်းအဝေး(၁/၂၀၁၅)ဒုတိယနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ရက်**

**၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်**

**[ ဗုဒ္ဓဟူးနေ့ ]**

တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ရက်နေ့ ဒုတိယနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀နာရီအချိန်၌စတင်ကျင်းပ ပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူး က ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့အားကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်





## ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)ဒုတိယနေ့ အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ အပိုဒ်ခွဲ(ခ) အရ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ ၊ အပိုဒ်ခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း၊ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ။** အားလုံး မင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့ကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးမင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း၊ ရှေးဦးစွာ နှုတ်ဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စိစစ်ရေး ကော်မတီဥက္ကဋ္ဌဦးစိုင်းညွန့်ဝင်းဖြစ်ပါတယ်။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၅)၊ ဒုတိယနေ့သို့ အကြောင်းအမျိုးမျိုးဖြင့် မတက်ရောက်နိုင်သည့် အောက်ပါ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၂ ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွှတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြမှုအပေါ် ခွင့်ယူသူ အားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါသည်-

(၁) ဦးဝှန်ဆန်(ခ)ဦးယောဝိ၊ လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်

(၂) ဦးရှာမွေလရှဲန်၊ လားဟူတိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်

ထပ်မံခွင့် လျှောက်ထားသူ ၂ ဦးရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။



D/real(wide) (3



ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၅)၊ ဒုတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၃၉ ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို ၁၂၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့် ရှိသော ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၆. ၃၃% ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀ ၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄၊ အပိုဒ်(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅ ၊ အပိုဒ်ခွဲ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည် )

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)၊ ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ ၁၃၉ ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၂ ဦးရှိပြီးစုစုပေါင်း ခွင့်ပြုထားသူ ၁၉ ဦး၊ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊အပိုဒ်(ဂ)၊ အပိုဒ်ခွဲငယ်(၂)အရ၊ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅)၊ ဒုတိယနေ့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါ သလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က အတည်ပြုပါသည် )

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။





ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက် ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နှင်းရေးဥပဒေ (မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကို လေးစားသောအားဖြင့် အကျဉ်းချုံးပြီး တင်ပြမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက် ပိုးမွှား ရောဂါကာကွယ်ရေးနှင့်နှိမ်နှင်းရေးဥပဒေပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်မှာ-

(၁) အစားရိက္ခာဖူလုံစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အထောက်အကူပြုရန်၊

(၂) အပင်နှင့် သီးနှံဖျက် ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးကို စနစ်တကျ ထိရောက်စွာ ဆောင်ရွက် နိုင်ရန်၊

(၃) ယင်းကဲ့သို့ စနစ်တကျ ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် သီးနှံအထွက်တိုးတက်မြင့်မားကာ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(၄) ပိုးသတ်ဆေးတို့ကို စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့်သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် တို့ဖြစ်ပါသည်။

ရှမ်းပြည်နယ် အပင်နှင့် သီးနှံဖျက် ပိုးမွှား ရောဂါကာကွယ်ရေးနှင့်နှိမ်နှင်းရေးဥပဒေ(မူကြမ်း)တွင် အခန်း ၁၄ ခန်းပါရှိပြီး ပုဒ်မ ၄၈ ခုနှင့် ပုဒ်မခွဲ ၇၉ ခုရှိပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နှင်းရေးဥပဒေ(မူကြမ်း)အား စိစစ်အတည်ပြုပေးနိုင်ပါရန် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့တင်သွင်းခြင်း။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ဆက်လက်ပြီးတော့မှ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ထပ်မံပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှ တင်သွင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။ ယစ်မျိုးခွန်ဥပဒေ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး**။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေကို လွှတ်တော်သို့ မူကြမ်း တင်သွင်းရာတွင်မူကြမ်း၌ အခန်း(၁)အနေနဲ့ အမည်နဲ့ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက် ရှိပါတယ်။ ပုဒ်မ ၂ ခုပါရှိပြီး အခန်း ၂ ရည်ရွယ်ချက်များမှာ အရက်သေစာသောက်စားခြင်း အလေ့အထ ပြန့်ပွား ခြင်းကို အားပေးခြင်းမရှိစေရန်၊ အရက်သေစာဖြန့်ဖြူး ရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှုနှင့်ရောင်းချမှု များ မရှိစေရန်၊ အခွန်စည်းကြပ်ကောက်ခံခြင်းဖြင့် အရက်သေစာသောက်စားမှု လျော့ပါးစေရန်နှင့်ပြည်နယ်၏ ရသင့်ရထိုက်သော အခွန်ငွေများ ရရှိစေရန်၊ သောက်သုံးသူများ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆိုတဲ့ ရည်ရွယ်ချက် များဖြင့်ရေးဆွဲထားခြင်းလည်း ဖြစ်ပါတယ်။









## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နှင်းရေး ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့တင်သွင်းခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နှင်းရေးဥပဒေ (မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှအဆိုပြုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး**။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား တက်ရောက်သော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ဦးစိုင်းဆာလူဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား ၂ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းပါ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ရှမ်းပြည်နယ် အပင်နှင့် သီးနှံဖျက် ပိုးမွှားရောဂါ ကာကွယ်ရေးနှင့်နှိမ်နှင်းရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေ (မူကြမ်း)အား ယနေ့ ကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)သို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား တင်သွင်းမှာ ဖြစ်ပါတယ်။

အခန်း(၃)မှာ ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်း ပါဝင်ပြီး ယစ်မျိုးခွန်စုစုပေါင်း ၂၅ မျိုး ပါဝင်ပါတယ်။ အခန်း(၄)မှာ ယစ်မျိုးလိုင်စင်လျှောက်ထားခြင်းဖြစ်ပြီးပုဒ်မ(၃)ခုပါဝင်ပါတယ်။ အခန်း(၅)မှာ လေလံတင် ရောင်းချခြင်းဖြစ်ပြီး ပုဒ်မ(၂)ခု ပါဝင်ပါတယ်။ အခန်း(၆)မှာတော့ အထွေထွေအခန်းဖြစ်ပြီးတော့ ပုဒ်မ(၅)ခု ပါဝင်ပါတယ်။ ဒါကြောင့်ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ (မူကြမ်း) ကို လွှတ်တော်ကိုယ်စားလှယ်ကြီး များထံ ဖြန့်ဝေပြီးဖြစ်တဲ့ အတွက် ရှမ်းပြည်နယ်ယစ်မျိုးခွန် ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့တင်သွင်းခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့မှ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ ထပ်မံ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး**။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား တက်ရောက်သော ဧည့်သည်တော်များအားလုံး မင်္ဂလာ



D/real(wide) (3



(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ မဖြစ်ပွားစေရေး အတွက် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားသည့် အခါ စနစ်တကျ ထိန်းချုပ်နိုင်ရန်၊

(၆) တိရစ္ဆာန်မှ လူသို့ ကူးစက် ရောဂါများ ကူးစက် ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင် ကာကွယ်ရန်၊

(၇) မွေးမြူထုတ်လုပ်မှု အမျိုးအစားနှင့် ပမာဏ အလိုက် ရောဂါပိုးမွှားကူးစက်မှု မရှိစေရေး အတွက် ဇီဝလုံခြုံမှုစံနှုန်းများ သတ်မှတ်၍ ကျင့်သုံး လိုက်နာမွေးမြူစေရန်၊

(၈) စားကျက်မြေများကို ထိန်းသိမ်းစောင့်ရှောက်ရန် တို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျ ထိန်းကျောင်းရေး ဥပဒေမူကြမ်းတွင် အခန်း ၉ ခန်းပါရှိပြီး ပုဒ်မ ၂၃ ခုနှင့် ပုဒ်မခွဲအသေးစိတ် ၇ ခုပါရှိပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျ ထိန်းကျောင်းရေး ဥပဒေ(မူကြမ်း)အား စိစစ်အတည်ပြုနိုင်ရေး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၅)သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၆၊ အပိုဒ်(က)အရ တင်သွင်းသွားတဲ့ ဥပဒေကြမ်း ၃ ခုကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ ပေးပြီးဖြစ် ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး အနီးစပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး မှာ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းများနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးမည့်အချက်ကို လွှတ်တော်ရုံးသို့ ၁၉-၉-၂၀၁၅ ရက်နေ့အရောက်ပေးပို့ရန် အသိပေးပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းထားတဲ့ ဥပဒေကြမ်း ၃ခုဖြစ်တဲ့ (၁) ရှမ်းပြည်နယ်အပင်နှင့်သီးနှံဖျက်ပိုးမွှား ရောဂါကာကွယ်ရေးနှင့် နှိမ်နှင်းရေးဥပဒေကြမ်း၊ (၂) ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေကြမ်း၊ (၃) ရှမ်းပြည်နယ်တိရစ္ဆာန် မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး ဥပဒေမူကြမ်းများကို လာမည့် လွှတ်တော်မှာ လွှတ်တော်၏ အတည်ပြုချက်ကို ရယူသွားမှာ ဖြစ်ပါတယ်။ ယခု ကျင်းပတဲ့ အစည်းအဝေးဟာ အရေးပေါ် အစည်းအဝေး ဖြစ်တာကြောင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းနဲ့ အဆိုများ တင်သွင်းခြင်းကဏ္ဍကို မဆောင်ရွက်ဘဲ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အချိန်မီပေးပို့ရန်ရှိတဲ့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းကိစ္စနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းမှာ တင်သွင်းရန် ကျန်ရှိတဲ့ ရေးဆွဲပြီးဖြစ်တဲ့ ဥပဒေကြမ်း ၃ ခုကို တင်သွင်းဖို့ ဆောင်ရွက်တဲ့အစည်းအဝေးဖြစ်ပါတယ်။ ယခုအရေးပေါ် အစည်းအဝေး ကျင်းပတဲ့အချိန်အထိ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များထံမှ ကြယ်ပွင့်ပြမေးခွန်း ၉ ခု လက်ခံရရှိပြီး မေးခွန်းအချို့ရဲ့ ဖြေကြားချက်များကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ထံမှ ရရှိပြီး ဖြစ်ပါတယ်။ ယခု အစည်းအဝေးမှာ မေးခွန်းများမေးမြန်းခြင်း ကဏ္ဍနဲ့ အဆိုများတင်သွင်းခြင်းကဏ္ဍကို မဆောင်ရွက်နိုင်သလို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေ့ရဲ့ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကိုလည်း ဒီအစည်း အဝေးရဲ့ အစီအစဉ်မှာ



D/real(wide) (3



အပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး၊ ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၈ ၊ ဇယား ၂ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍမှ ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေ(မူကြမ်း)အား ယနေ့ကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၅)သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား တင်သွင်းမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် အချိန်ကို လေးစားသောအားဖြင့် အကျဉ်းချုံးပြီး တင်ပြမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေးဥပဒေ ပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်မှာ-

(၁) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်၊

(၂) တိရစ္ဆာန်ထိန်းကျောင်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(၃) စိုက်ပျိုးသီးနှံများ ဖျက်ဆီးခြင်းမှ ကာကွယ်ရန်၊

(၄) တိရစ္ဆာန်မွေးမြူရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်စေရန်၊

ထည့်သွင်းနိုင်ခြင်းမရှိပါကြောင်း ပြောကြားလိုပါတယ်။ နောင်ကျင်းပမဲ့ ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးမှာ လွှတ်တော်နှင့်ပတ်သက်တဲ့ ဆုံးဖြတ်ရန် ကျန်တဲ့လုပ်ငန်းများကို ပြီးပြည့်စုံအောင် ဆောင်ရွက် သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ တွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅- ၂၀၁၆ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၈)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅- ၂၀၁၆ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် အစီအစဉ် (၉)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ အတည်ပြု ပေးနိုင်ပါရန် လွှတ်တော်ကို အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။



D/real(wide) (3



အသုံးစရိတ်ကျပ်သန်းပေါင်း ၂၁၇၂၀. ၅၄၅သန်း စုစုပေါင်း ဖြည့်စွက်ခွင့်ပြုတင်ပြ တောင်းခံငွေ ကျပ်သန်းပေါင်း ၂၄၄၇၉. ၁၀၃ သန်းအား ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးထံသို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅- ၂၀၁၆ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား လွှတ်တော်ကိုယ်စားလှယ်များ သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်မှ သဘောတူပါသည်)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီတဲ့အတွက် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ဒုတိယနေ့ ကိုရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) တတိယနေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၀ ရက် ကြာသပတေးနေ့ နေ့လည် ၁၃း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါမည်ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) တတိယနေ့အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် ကြာသပတေးနေ့ နေ့လည် ၁၃း၀၀ နာရီ အချိန်တွင် ဆက်လက် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း တင်ပြအပ် ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။



D/real(wide) (4



## ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်က ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး**။ အားလုံးမင်္ဂလာ ပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များနှင့် အစည်းအဝေးတို့ တက်ရောက်လာတဲ့ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅- ၂၀၁၆ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား ရှမ်းပြည်နယ် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ပထမနေ့မှာ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ် များမှလည်း ဆွေးနွေးရန် မရှိတော့တဲ့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅- ၂၀၁၆ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေဖြစ်တဲ့ သာမန် အသုံးစရိတ်ကျပ်သန်းပေါင်း ၂၇၅၈. ၅၅၈ သန်းနဲ့ ငွေလုံးငွေရင်း

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အရေးပေါ်အစည်းအဝေး(၁/၂၀၁၅)တတိယနေ့မှတ်တမ်း
# ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
# ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်
# [ **ကြာသပတေးနေ့** ]

တောင်ကြီးမြို့၊ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) တတိယနေ့အစီအစဉ်ကို နေ့လည် ၁၃း၀၀ နာရီအချိန်၌စတင် ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) တတိယနေ့အား ဆက်လက်ကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့်





၁၃၉ဦးသည့် အနက်သည့်ကနေ့ အစည်းအဝေးကို ၅၉ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ ၄၂. ၄၅ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(က)နှင့်ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊အပိုဒ်ခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅၊အပိုဒ်(ဂ)အရ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ အပိုဒ်(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၅) တတိယနေ့ အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသည့် အစီအစဉ်အတိုင်း ကျင်းပပြုလုပ် သွားမှာဖြစ်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) တတိယနေ့ ကျင်းပရခြင်းနှင့်ပတ်သက်၍ လွှတ်တော်သို့ ရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီစဉ်အရ ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၅) ကျင်းပရခြင်းနှင့် ပတ်သက်၍ပြည်နယ်ဝန်ကြီးချုပ်မှ လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့။** ဒီကနေ့ ကျင်းပပြုလုပ်သော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) ကို တက်ရောက်လာသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနေ့အရေးပေါ် အစည်းအဝေးကျင်းပတဲ့ အချိန်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂(က)(၂) အရ လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီး တာဝန်ပေးအပ်နိုင်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သော တပ်မတော်သားများရဲ့ အမည်စာရင်းကို တောင်းခံခဲ့ပြီးဖြစ်ပါတယ်။ တောင်းခံမှုအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးရဲ့ ၁၉-၈-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁/၈၀၄၄/၂၅/ဦး ၃ ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များထံသို့ တိုင်းဒေသကြီး/ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ



D/real(wide) (4



ကိုယ်စားလှယ်တော်များ သတ်မှတ် ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား ။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ကတိသစ္စာ မပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနဲ့ ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးရန် ဖြစ်ပါတယ်။

(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။)

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅)၊ တတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး ကော်မတီ၏တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ဝန်ကြီးများ အမည်စာရင်းပြင်ဆင်ပေးပို့လာပါတယ်။ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ကြည်း/၁၇၄၆၁ ၊ ဗိုလ်မှူးကြီးအောင်သူအစား ကြည်း/၁၉၇၂၉၊ ဗိုလ်မှူးကြီးစိုးမိုးအောင်ကို အမည်စာရင်းပြင်ဆင်ပေးပို့လာပါတယ်။ သို့ပါ၍ ယခင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ကြည်း/၁၇၄၆၁၊ ဗိုလ်မှူးကြီးအောင်သူအစား ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးအဖြစ် ကြည်း/၁၉၇၂၉ ၊ ဗိုလ်မှူးကြီးစိုးမိုးအောင်အား အစားထိုး ခန့်အပ်နိုင်ရေး ပြည်နယ် လွှတ်တော်၏ အတည်ပြုချက် ရယူနိုင်ရန်အတွက် အရေးပေါ် အစည်းအဝေးမှာတင်ပြရခြင်း ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ရဲ့ သဘောတူညီချက် ရရှိပြီးလျှင် ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံတော်သမ္မတထံကို ဆက်လက်ပြီး အစီရင်ခံ သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။





ရက်စွဲပါ စာအမှတ်၊ ၁/၈၀၄၄/၂၅/ဦး ၃ဖြင့် ဗိုလ်မှူးကြီးအောင်သူအစား ဗိုလ်မှူးကြီးစိုးမိုးအောင်ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် အစားထိုးတာဝန်ပေးအပ်ရန် အဆိုပြုအမည်စာရင်း တင်သွင်း လာပါတယ်။ သို့ဖြစ်ပါ၍ဗိုလ်မှူးကြီးစိုးမိုးအောင်အား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(ခ)အရ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် အတည်ပြု တာဝန်ပေးအပ်နိုင်ပါရန် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်တွင် လစ်လပ်လျက် ရှိသော ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းလာသော ဗိုလ်မှူးကြီးစိုးမိုးအောင်အား လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါ သလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်မှ သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီတဲ့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ တင်သွင်းသည့် ဗိုလ်မှူးကြီးစိုးမိုးအောင် တပ်မတော်သားကိုယ်စားလှယ်အား ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်ရန် လွှတ်တော်မှ သဘောတူကြောင်းကြေညာပါတယ်။

## ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသူမှ ကတိသစ္စာပြုခြင်း နှင့် ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ကတိသစ္စာမပြုရသေးသော ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ်ခန့်အပ်ခြင်းခံရသူ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးစိုးမိုးအောင်က ကတိသစ္စာပြုရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရန်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မတ်တတ်ရပ်ဖို့ဖြစ်ပါတယ်။

(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။)

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၅) ကျင်းပပြီးမြောက်ကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ**။ အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅)၊ တတိယနေ့ အစီအစဉ်ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၅)ကို ၂၀၁၅ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁၃း၅၀နာရီ အချိန်မှာအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။





## ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်တွင် လစ်လပ်လျက်ရှိသော ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်း တင်သွင်းလာသော တပ်မတော်သား ကိုယ်စားလှယ်အား ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ပြည်နယ်လွှတ်တော်သို့ အဆိုပြု တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်တွင် လစ်လပ်လျက်ရှိသော ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းလာသော တပ်မတော်သား ကိုယ်စားလှယ်အား ပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်သွင်းပေးပါရန် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များနှင့် အစည်းအဝေးတို့ တက်ရောက်လာတဲ့ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ၁၉-၈-၂၀၁၅

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်ခင်ဗျား။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။





**ဆုံးဖြတ်ခြင်းအမှတ် ၇၂-၁/၂၀၁၅။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) ဒုတိယနေ့၌ **ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။



D/real(wide) (4

**ဆုံးဖြတ်ခြင်းအမှတ် ၇၃-၁/၂၀၁၅။ ရှမ်းပြည်နယ် အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသောပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအား ခန့်အပ်နိုင်ရန်ပြည်နယ်အစိုးရအဖွဲ့မှ အဆိုပြုပေးပို့ထားသည့်ပြည်နယ်ဝန်ကြီး၏အမည်စာရင်းအားလွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) တတိယနေ့၌ **ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအား ခန့်အပ်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့မှ အဆိုပြုပေးပို့ထားသည့် ပြည်နယ်ဝန်ကြီး၏အမည် စာရင်း**အား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။



D/real(wide) (4



## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆုံးဖြတ်ခြင်း

**ဆုံးဖြတ်ခြင်းအမှတ် ၇၁-၁/၂၀၁၅။ ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဆိုင်ရာဥပဒေ(မူကြမ်း) အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း။**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၅) ပထမနေ့၌ **ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာဥပဒေ(မူကြမ်း)**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၈၉-၁/၂၀၁၅။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၉ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁၉ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၉၀-၁/၂၀၁၅။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ပြောကြားသည့် မိန့်ခွန်းအားမှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)ပထမနေ့၌ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။



D/real(wide) (4



## ဥပဒေထုတ်ပြန်ခြင်း

**ဥပဒေအမှတ် ၃-၁/၂၀၁၅။ ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့်တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း)**

၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၅)ပထမနေ့၌ ရှမ်းပြည်နယ်တိုင်းရင်းဆေး ဆရာများနှင့်တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း) အတည်ပြု ချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် ( ၃/၂၀၁၅ ) အဖြစ် ၁၈-၈-၂၀၁၅ ရက်နေ့တွင်ထုတ်ပြန်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၉၁-၁/၂၀၁၅။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ၂၀၁၅ ခုနှစ်၊ သြဂုတ်လ ၁၉ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅)ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၃၉ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၁၉ ဦး ရှိ၍ ခွင့်မဲ့ ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၉၂-၁/၂၀၁၅။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ၂၀၁၅ ခုနှစ်၊ သြဂုတ်လ ၂၀ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅)တတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၃၉ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၈၀ ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။